

ဝန်းသိုမြို့
ကျေးဇူးရှင်
အဘိဓဇမဟာရဋ္ဌဂုရု
မဲဇ္ဇီးဆရာတော်ဘုရားကြီး
၏

# [illegible]

ဒုတိယအကြိမ်

၁၈၂၂၄

ဝန်းသိုမြို့

ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု

ခန္တီးဆရာတော်ဘုရားကြီး

၏

# ဥပုသ်စောင့်လက်စွဲကျမ်း

ဒုတိယအကြိမ်

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် ၄/၈၈ (၁)
မျက်နှာဖုံး ခွင့်ပြုချက် (၁၈)

**အဖုံးပန်းချီ—ရွှေမိုးဟန်**

တန်ဖိုး—၆-ကျပ်

အုပ်ရေ—၂၀၀၀

၁၉၈၈-ခု၊ မတ်လ၊ ဒုတိယအကြိမ်။

**အဖုံးနှင့် အတွင်းပုံနှိပ်သူ-**

ဦးသန့်ဇင်
ဂုဏ်ရောင်ပုံနှိပ်တိုက် (ယာယီ—၁၁၇)
၁၉၊ ၈၉-လမ်း၊ ကန်တော်ကလေး
ရန်ကုန်။

**ထုတ်ဝေသူ**

မောင်ဟန် (မိုးကုတ် မောင်ဟန်)
ကမ္ဘာလုံးစာပေ (၀၆၇၈)
၁၄၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်။

ပြည်လုံးကျွတ် ဖြန့်ချီရေး

စပယ်ညွန့်စာပေ
၁၉၊ ၈၉-လမ်း
ကန်တော်ကလေးစာတိုက်
ရန်ကုန်
ဖုန်း—၇၂၉၇၅

(ဒုတိယအကြိမ်)



စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့
နိုင်ငံတော် ဩဝါဒါစရိယ ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု
ခန္တီးဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဇနမဟာထေရ်
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ၊

# လျှောက်ထားချက်

တပည့်တော် ဖိုးလေးသူကြီး (ငဖိုးသန့်) ရှိခိုး လျှောက် ထား အသနားတော်ခံ မြွက်ဝံ့ပါသည်။ (ဒုတိယ-ခန္တီ) ဆရာတော် ဘုရား။

သိတော်မူရန်မှာ — ရခဲသော လူ့ဘဝကို ရကြ၍၊ ကြုံခဲသော သာသနာတော်ကြီးနှင့်ကံကောင်းထောက်မ၍၊ ကြုံရသည်နှင့်အညီ၊ ဗုဒ္ဓဘာသာ မှန်သမျှ တပည့်တော်မှစပြီး၊ ဝါတွင်း, ဝါပ တတ်အားသမျှ ရပ်တိုင်း ရွာတိုင်းလိုပင် ဥပုသ်စောင့်ကြပါသည် ဘုရား။

သို့ရာတွင်။ (သူများယောင်၍သာ ယောင်၊ အမယ် တောင် မှန်း မြောက်မှန်း မသိ) ဆိုသကဲ့သို့၊ သူများစောင့်၍သာ စောင့်ကြသူများပါသည်။ ဘယ်လိုစောင့်ရမည်၊ ဘယ်လိုစောင့်မှ အကျိုးများသည် စသည်ဖြင့်၊ ဥပုသ်အကြောင်းကို ကောင်းစွာ မသိရှိကြပါ။ သို့ပါ၍၊ အောက်ပါ ပုစ္ဆာ ၆-ချက်ကို ပဓာနထားပြီးလျှင်၊ တပည့်တော်မှစ၍ အားလုံး သိရှိနားလည်နိုင်ကြရန်၊ (မကျဉ်း, မကျယ်) အလယ်,အလတ် မျှ ရေးသား၍၊ ကယ်မ,သနားတော်မူပါမည့် အကြောင်း၊ ရှိခိုးလျှောက်ထားဝံ့ပါသည် အရှင်သူမြတ်ဘုရား။ ။

(ဒုတိယအကြိမ်)

# လျှောက်ထားချက်

၁။ ။ရှစ်ပါးသီလ ဆိုလျှင် ပြီးကောင်းလျက်၊ အဘယ့်ကြောင့် ဥပုသ် ဆိုပြန်သနည်း။

၂။ ။ဥပုသ်အပြား ဘယ်နှစ်ပါး ရှိပါသနည်း။

၃။ ။ဥပုသ်နေ့မှ တစ်ပါးသောနေ့တို့၌ ဥပုသ်မစောင့်ကောင်း ပါသလော။

၄။ ။ဘယ်လိုစောင့်လျှင်၊ အကျိုးရ နည်း၍၊ ဘယ်လိုစောင့် လျှင် အကျိုးရ များပါသနည်း။

၅။ ။ဥပုသ်စောင့်ရသော အကျိုး ဘယ်မျှလောက် ရရှိပါ သနည်း။

၆။ ။ဥပုသ်သီလ-ပါဠိ-အနက် ကျ,န မှန်ကန်စွာနှင့် ဝဋ်မှ ထွက်ကြောင်း ဆုတောင်းစာတို့ကိုလည်း ရလိုပါသည် ဘုရား။ ။

(ပုံ) မောင်သန့်
ဗိုလ်လေးသူကြီး။
(၁၀-၅-၄၄)

# ပဏာမနိဒါန်း

၁။ သုံးလောက တွင်း ပြိုင်ဘက် ကင်း သေဋ္ဌနှင်း စောထွဋ်ချာ။

၂။ သီလခေါင်ထိ ထုမရှိ ကြီးထိ ဂုဏ်ရောင်ဝါ။

၃။ အနန္တဂုဏ် ကျေးဇူးဟုံ မျှော်ထုံ ယခုငါ။

၄။ ခြေဒူး တောင် လက် နဖူး စွက် ငါးချက် ပတိဋ္ဌာ။

၅။ ကာယ ဝစီ မနောချီ သုံးလီ ဝန္ဒနာ။

၆။ ဆယ်ပါးဓမ္မံ ဋ္ဌရိယံ မကျန်ရှိခိုးပါ။

၇။ ပညာရှိလတ် ပုဂ္ဂိုလ်မြတ် ဆည်းကပ်ကတ်သည်သာ။

၈။ နည်းနာကောင်းမြတ် ရှာတွေ့တတ် မှုပြတ်လေ့အလာ။

၉။ ရတနာသုံးရပ် ယုံကြည်တတ် ဆည်းကပ်မြဲမဂ္ဂါ။

၁၀။ ဗိလေးဂါမ ထာဝရ မိဘရိုးအရာ။

၁၁။ ဦးသန့် နာမ သူကြီးက ညွှတ်ခတောင်းပန်လာ။

၁၂။ ဥပုသ်အကြောင်း လူအပေါင်း ကောင်းကောင်းသိဖို့ငှာ။

(ဒုတိယအကြိမ်)

၁၃။ စာတန်းတစ်ခု ရေးသားပြု ယခု ချီးမြှင့်ပါ။

၁၄။ ဤလို တောင်းပန် အကြောင်းခံ ယမန်ရှေးအခါ။

၁၅။ ထို့ကြောင့်ယခု ရေးသားပြု ဂရုရှေ့ထားခါ။

၁၆။ ဥပုသ်စားစား သိလိုပြား ဆောင်ထားလက်ကိုင်သာ။

၁၇။ လက်ကိုင်ရှိက ကျင့်သီလ သိရမှန်ကန်စွာ။

၁၈။ မှန်စွာသို့မှ ကျင့်နည်းကျ ကျိုးရများမည်သာ။

၁၉။ ကျိုးရများရန် စိတ်ရည်သန် စီမံဤကျမ်းစာ။

၂၀။ ဤကျမ်း လာတိုင်း ဆုတ်မဆိုင်း လူတိုင်း ကျင့်နိုင်စေ။

၂၁။ လူတိုင်းကျင့်ကြ ဖြူသီလ ကျိုးရများပါစေ။

၂၂။ အကျိုးရင့်သန် ပြည်နိဗ္ဗာန် အမြန်ရောက်ပါစေ။

(ဒုတိယအကြိမ်)

# မာတိကာ


| နံပါတ်စဉ် | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | ပထမပုဏ္ဏာ အဖြေ | ၂ |
| ၂ | ဒုတိယပုဏ္ဏာ အဖြေ | ၃ |
| ၃ | ပကတိ ၈–ဥပုသ် | ၃ |
| ၄ | ပဋိဇာဂရ ၁၁-ဥပုသ် | ၄ |
| ၅ | ပုဋိဟာရိယ ၂-ဥပုသ် | ၅ |
| ၆ | ဥပုသ်ကပြား | ၆ |
| ၇ | ဥပုသ်မျိုးစုံ | ၇ |
| ၈ | မအားမလပ်သော ဆင်ခြေ | ၇ |
| ၉ | ဂေါ-နိ–ရိ နှောက် ဥပုသ် ၃-မျိုး | ၈ |
| ၁၀ | အရိယ ပုပုသ် ၅-မျိုး | ၉ |
| ၁၁ | အရိယဥပုသ် အကျိုးကြီးပုံ | ၁၁ |
| ၁၂ | ကျမ်းဂန်မလာသော လက်သစ်ဥပုသ် | ၁၄ |
| ၁၃ | ၃၂–ပါးသော တိရစ္ဆာနကထာ | ၁၆ |
| ၁၄ | ဘုရားဂုဏ်တော် ပါဠိအနက် | ၂၁ |
| ၁၅ | တရားဂုဏ်တော် ပါဠိအနက် | ၂၅ |
| ၁၆ | သံဃာ့ဂုဏ်တော် ပါဠိအနက် | ၂၈ |
| ၁၇ | သီလ ၄–ပါးအပြား | ၃၂ |
| ၁၈ | ရုပ် နာမ် ၂–ပါး | ၃၄ |
| ၁၉ | ပညတ် ပရမတ် | ၃၅ |


(ဒုတိယအကြိမ်)

# မာတိကာ


| နံပါတ်စဉ် | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၀ | ရုပ် နာမ် ဖြစ်ကြောင်း | ၃၅ |
| ၂၁ | လက္ခဏာရေး သုံးပါး | ၃၅ |
| ၂၂ | ရုပ် နာမ်ကို လက္ခဏာတင်ပုံ | ၃၇ |
| ၂၃ | ခန္ဓာငါးပါး အစွဲ | ၃၇ |
| ၂၄ | ခန္ဓာငါးပါးကို လက္ခဏာတင်ပုံ | ၄၀ |
| ၂၅ | တတိယပုစ္ဆာအဖြေ | ၄၃ |
| ၂၆ | စတုတ္ထပုစ္ဆာအဖြေ | ၄၄ |
| ၂၇ | ပဥ္စမပုစ္ဆာအဖြေ | ၄၄ |
| ၂၈ | ဥပုသ်အကျိုး ၉၁—ကမ္ဘာ အပါယ်မလား | ၄၇ |
| ၂၉ | ညဉ့်ထက်ဝက်ဥပုသ်အကျိုး | ၄၉ |
| ၃၀ | ညဉ့်ထက်ဝက် နောက်တစ်ယောက် | ၅၀ |
| ၃၁ | နောက်တစ်ယောက် နတ်မင်းကြီး | ၅၂ |
| ၃၂ | ဘုရားလောင်း သာမိန နတ်ပြည်တက်ပုံ | ၅၂ |
| ၃၃ | ဆဋ္ဌမ ပုစ္ဆာ အဖြေ | ၅၄ |
| ၃၄ | ပုထုဇန် ၂-မျိုး၊ အန္ဓကလျာဏ ၂-မျိုး | ၆၇ |
| ၃၅ | ခန်ဆောင်ပုဒ် လက္ခဏာတင်ပုံ | ၆၉ |
| ၃၆ | အာ ဆောင်ပုဒ် လက္ခဏာတင်ပုံ | ၇၀ |
| ၃၇ | ခတ် ဆောင်ပုဒ် လက္ခဏာတင်ပုံ | ၇၁ |
| ၃၈ | ၁၀၈-လုံး ပုတီးစိပ်နည်း | ၇၃ |
| ၃၉ | သုဂတိ အလားမြဲအောင် လုပ်ပုံ | ၇၅ |
| ၄၀ | ဆုတောင်း မျှဝေ အထွေထွေ | ၇၆ |
| ၄၁ | မိန်းမကာ ယောကျ်ားဘဝ ဆုတောင်း | ၈၃ |
| ၄၂ | ကျမ်းပြီးနိဂုံး | ၈၇ |


(ဒုတိယအကြိမ်)

## ပဉ္စပတိဋ္ဌိတ၊ တည်ခြင်းငါးပါး

ရတနာသုံးပါး ဆရာသမား မိဘတို့အား အရိုအသေ ရှိခိုးတဲ့နေရာ၊ တည်ခြင်း (ထိခြင်းငါးပါး) ကျမ်းရိုးကျအောင် ရှိခိုးတတ်ကဲ့လား။ (ဗုဒ္ဓဘာသာ) အမည်ခံပြီး (ပဉ္စပတိဋ္ဌိတ) ထိခြင်းငါးပါး ကျနအောင် ရှိမခိုးတတ်သေးလျှင် (ရှက်ဖွယ်ရှက်ဖွယ်)။

ထိခြင်းငါးပါးဆိုသည်မှာ—

၁။ ခြေနှစ်ဘက်နှင့် ကြမ်းပြင်အခင်း ထိတာ (တစ်ထိ)
၂။ ဒူးနှစ်ဘက်နှင့် ။ ထိတာ (တစ်ထိ)
၃။ တံတောင်နှစ်ဘက်နှင့် ။ ထိတာ (တစ်ထိ)
၄။ လက်နှစ်ဘက်နှင့် ။ ထိတာ (တစ်ထိ)
၅။ နဖူးနှင့် ။ ထိတာ (တစ်ထိ)

ပေါင်း (ငါးထိ) ကို ဆိုသည်။

(ထိ, ဆိုတာက ထင်ရှားအောင်သာ ဆိုတာ၊ တည်ခြင်းငါးငါး ကို ဆိုတာလို့ အဓိပ္ပာယ်အမှန်ကို ယူပါ)။

အဆိုပါ (ဗိလေးသူကြီး) ဦးသန့် လျှောက်ထားသည်ကို လက်ခံ၍ ဝန်းသိုမြို့ ခန္တီးတိုက်၊ တိုက်အုပ်ဘုန်းကြီး (ဦးသုဇာနှ) သည်

(မေးလျှောက်အပ်သောပုစ္ဆာဖြေ-ချက်ကို) ၁-၂စသော ဂဏန်းစဉ် အတိုင်း အောက်၌ ဖော်ပြဖြေဆိုလိုက်သည်။

## ၁။ အမေး၌

(ဥပဝသန္တိ တွော တိ ဥပါသထော) ဟူသော အဓိကရဏသာဓန်ဝိဂြိုဟ် မိန့်ဆိုအပ်သည်နှင့်အညီ ထိုနေ့၌ သူတော်ကောင်းတို့သည် သီလသို့ ကပ်၍နေသောအားဖြင့် ကျင့်သုံးဆောက်တည်ရာ ဖြစ်သောကြောင့် နေ့သည်ပင် (ဥပေါသထ) ဥပုသ်မည်၏။ ။

ဝိဂြိုဟ်အနက်) ဧတ္ထ၊ ဤဥပုသ်နေ့၌။ သန္တော၊ သူတော်ကောင်းတို့ သည်။ ဥပဝသန္တိ၊ သီလသို့ကပ်၍နေသောအားဖြင့် ကျင့်သုံးဆောက် တည်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကျင့်သုံးရာဖြစ်သောကြောင့်။ သောဒိဝသော၊ ထိုနေ့သည်။ ဥပေါသထော၊ ဥပုသ်မည်၏။ (ဤ ဝိဂြိုဟ်အရ နေ့ကိုရ၏။)

တစ်နည်း။ (ဥပဝသန္တိ ဧတေနာတိ ဥပေါသထော) ဟူသော ကရဏသာဓန် ဝိဂြိုဟ် မိန့်ဆိုအပ်သည်နှင့်အညီ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ သော သီလဖြင့် သူတော်ကောင်းတို့သည် သီလသို့ကပ်၍ ကျင့်သုံး နေရာ ဖြစ်သောကြောင့် သီလသည်ပင် (ဥပေါသထ) ဥပုသ် မည်၏။

(ဝိဂြိုဟ်အနက်) ဧတေန၊ ထိုအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလ ဖြင့်။ သန္တော၊ တို့သည်။ ဥပဝသန္တိ၊ ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ သောအဝိဘတ္တကမော၊ ထိုမလွန်ကျူးခြင်းသည်။ ဥပေါသထော၊ ဥပုသ်မည်၏။ (ဤဝိဂြိုဟ်အရ) သီလကိုရ၏။ ။

## မှတ်ချက်

ဤ၌ ရှစ်ပါးသီလ အဋ္ဌင်္ဂသီလဆိုလျှင်ပင် ပြီးပါ၏။ သို့ရာတွင် အနာဂါမိ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်တို့မှာ လူအနာဂါမိရဟန္တာပင်ဖြစ်စေ၊ အနာဂါမိ ဖြစ်သည်ကစ၍ ပါဏာတိပါတ အစ၊ ဥစ္စာသယန အဆုံးရှိသော ရှစ်ပါး

သီလကို အသက်ထက်ဆုံး မကျိုးမပေါက် မပျောက်မကြား အပြဲအားဖြင့် ကျင့်သုံးလေ့ရှိသည်။ အနာဂါမ်အဖြစ်သို့ မရောက်သေးသော ပုထုဇဉ် သောတာပန် သကဒါဂါမ်တို့မှာ အမြဲ မကျင့်သုံး။ ကျင့်သုံးလိုသောနေ့၌သာ အဆိုပါအနာဂါမ် ရဟန္တာတို့ အနေလ့သို့ အတုအပလိုက်၍ တစ်နေ့တစ်ညဉ့်မျှ ကျင့်အပ်သော အနက်သဘောကြောင့် (ဥပေါသထ) ဥပုသ်ဟူသော အမည်ထူးကို ရသည်ဟု မှတ်ပါလေ။ (ဥပဝသိတဗ္ဗောတိ ဥပေါသထော၊ ဥပဂန္တွာ ဝသိတဗ္ဗောတိ ဥပေါသထော) ဟူ၍လည်း ဝိဂြိုဟ်ပြုပါလေဦး။ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော သီလကိုပင် ရပါ၏။ ။

## ၂။ အမေး၌

ဥပုသ်သည် ၁။ ပကတိဥပုသ်၊ ၂။ ပဋိဇာဂရဥပုသ်၊ ၃။ ပါဋိဟာရိယ ဥပုသ်၊ ဤလိုရှေးဦးစွာ ၃ပါးအပြားရှိသည်ဟုမှတ်လေ။ ။

## ၁။ ပကတိ ၈-ဥပုသ်

ထိုတွင်

၁။ လဆန်း ၈ ရက်နေ့ တစ်ဥပုသ်။
၂။ လဆန်း ၁၄ ရက်နေ့ တစ်ဥပုသ်။
၃။ လဆန်း ၁၅ ရက်နေ့ တစ်ဥပုသ်။
လဆန်းပက္ခ၌ ၃ ဥပုသ် ရှိ၏။
၄။ လဆုတ် ၈ ရက်နေ့ တစ်ဥပုသ်။
၅။ လဆုတ် ၁၄ ရက်နေ့ တစ်ဥပုသ်။
၆။ လဆုတ် ၁၅ ရက်နေ့ တစ်ဥပုသ်။
လဆုတ်ပက္ခ၌ ၃ ဥပုသ်ရှိ၏။ ။

ဤ၌ ရက်မစုံလျှင် ၁၃-၁၄ ရက်ကို ယူလေ။ ဘုရားဟောတော်မူရင်း ဤပကတိဖြဲဥပုသ်သာ လာ၏။ နောင်အခါ သင်္ဂါယနာတင် ဆရာတော်တို့က လဆန်း ၅ရက်၊ လဆုတ် ၅ရက်ကို ပဉ္စမီပက္ခဆိုပြီး

(ဒုတိယအကြိမ်)

နှစ်ဥပုသ်ကို အပိုထည့်ကြပြန်သဖြင့် ပကတိ ၈ ဥပုသ် ရှိသည်ဟု မှတ်လေ။ ။

## ပဋိဇာဂရ ၁၁ ဥပုသ်။

ဤပဋိဇာဂရဥပုသ်၌ အကြိုအပိုကိုသာ ယူရသည်ဖြစ်၍ ယူလွယ်စေရန် လဆန်း ၅ ရက်၊ လဆုတ် ၅ ရက်ကို ပဥ္စမီ။ လဆန်း ၈ရက်၊ လဆုတ် ၈ရက်ကို အဋ္ဌမီ။ လဆန်း ၁၄ ရက်။ လဆုတ် ၁၄ ရက်ကို စာတုဒ္ဒသီ။ လဆန်း ၁၅ရက်၊ လဆုတ် ၁၅ရက်ကို ပန္နရသီဟု ရှေးဦးစွာ မှတ်သားထားဦး။ ပြီးမှ။

၁။ ပဥ္စမီ၏ အကြို လဆန်း ၄ ရက်နေ့ တစ်ဥပုသ်။
၂။ ၎င်း၏ အပို လဆန်း ၆ ရက်နေ့ တစ်ဥပုသ်။
၃။ အဋ္ဌမီ၏ အကြို လဆန်း ၇ ရက်နေ့ တစ်ဥပုသ်။
၄။ ၎င်း၏ အပို လဆန်း ၉ ရက်နေ့ တစ်ဥပုသ်။
၅။ စာတုဒ္ဒသီ၏ အကြို လဆန်း ၁၃ရက်နေ့ တစ်ဥပုသ်။
၆။ ပန္နရသီ၏ အပို လဆုတ် ၁ ရက်နေ့ တစ်ဥပုသ်။

လဆန်းပက္ခ၌ ၆ ဥပုသ်ရ၏။

ဤ၌ စာတုဒ္ဒသီ၏ အပို ပန္နရသီ၏ အကြိုကို မရအပ်လေ။

၇။ ပဥ္စမီ၏ အကြို လဆုတ် ၄ ရက်နေ့ တစ်ဥပုသ်။
၈။ ၎င်း၏ အပို လဆုတ် ၆ ရက်နေ့ တစ်ဥပုသ်။
၉။ အဋ္ဌမီ၏ အကြို လဆုတ် ၇ ရက်နေ့ တစ်ဥပုသ်။
၁၀။ ၎င်း၏ အပို လဆုတ် ၉ ရက်နေ့ တစ်ဥပုသ်။
၁၁။ စာတုဒ္ဒသီ၏ အကြို လဆုတ် ၁၃ ရက်နေ့ တစ်ဥပုသ်။

လဆုတ်ပက္ခ၌ ၅ဥပုသ်ရ၏။

(ဒုတိယအကြိမ်)

ဤ၌ စတုဒ္ဒသီ၏ အပိုက်ကိုလည်း မရ။ ပန္နရသီ၏ အကြို၊ အပိုက်ကိုလည်း မရအပ် မရနိုင် မှတ်ပါလေ။ ။သို့ကြောင့် (ပဋိဇာဂရ) တစ်လ တစ်လစ်၌ ၁၁ ဥပုသ် မှတ်။ လဆုတ်ပက္ခ၌ ပန္နရသီ ဥပုသ်၏ အပိုက်ကို နောက်လဆန်း ၁ ရက်ဟု အပရေဆရာတို့ဆိုသော စကားရှိသော်လည်း လချင်း ရောယှက်နေသောကြောင့် မသင့်ဟု အဋ္ဌကထာ၌ပင် ပယ်ပစ်လေသည်။

## ၂။ ပါဋိဟာရိယ ၂ ဥပုသ်။

၁။ ။နယုန်လဆုတ် ၁ ရက်နေ့က စ၍ တန်ဆောင်မုန်းလပြည့်နေ့ တိုင်အောင် ၅လပတ်လုံး မပြတ်မလပ် ဆောက်တည်အပ်သော ဥပုသ်သည် ပဋိဟာရိယ ဥပုသ်မည်၏ မှတ်။

၂။ ။တစ်နည်းကား.... ဝါဆို တစ်လလုံး၊ တန်ဆောင်မုန်း တစ်လလုံး၊ တပေါင်း တစ်လလုံး၊ ဤ ၃ လတို့၌ စောင့်အပ်သော ဥပုသ်သည် ပါဋိဟာရိယ ဥပုသ်မည်၏ဟု မှတ်လေ။ ပါဠိလိုက လုတ္တနိပါတ် အဋ္ဌကထာ ရာဇသုတ် စသည်တို့မှာ ကြည့်ပါလေ။ အစုံအလင်ပါသည်။ ။

ဤလို ဥပုသ်သည် ပကတိ ၈ ဥပုသ်၊ ပဋိဇာဂရ ၁၁ ဥပုသ်၊ ပါဋိဟာရိယ ၂ ဥပုသ်အားဖြင့် ၃ ပါး ပြား၍ အရည်အတွက်အားဖြင့် ၂၁ ပါး ရှိ၏ဟု မှတ်ပါလေ။

အသင်တို့ ယခု အသက် ဘယ်နှစ် နှစ်စီ ရှိကြပြီနည်း။ အဲဆိုပါ ရှေးသူတော်ကောင်းတို့ စောင့်သုံးကြတဲ့ ပကတိဥပုသ်မျိုး အပြည့်အစုံ၊ ပဋိဇာဂရ ဥပုသ်မျိုး အပြည့်အစုံ၊ ပါဋိဟာရိယ ဥပုသ်မျိုး အပြည့်အစုံ၊ ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါလောက်စီ စောင့်ထိန်းဖူးကြပြီနည်းဟု မေးလျှင် ဘယ်နှစ်ကြိမ်တော့ စောင့်ဖူးပါပြီဟု ပြောဆိုနိုင်သူ။ ယခုနယ်အခါ မရှိသလောက် ရှားပါးမည်လားမသိ။

(ဒုတိယအကြိမ်)

## ၁။ ပကတိ ၈ ဥပုသ်မှာ

ဘုရားလက်ထက်တော်အခါကာလမှစ၍ ရှေးလူတို့ စောင့်ရိုးစောင့်တန်း ရှေးထုံးစဉ်လာ မွေတာပကတိသဘော ဖြစ်၍ ပကတိ ဥပုသ်ဆိုသည်မှတ်။ ။

## ပဋိဇာဂရ ၁၁ ဥပုသ်မှာ

ဘုရားလက်ထက်တော်ကပဲ လူတိုင်း မစောင့်ကြ၊ သတိတရားကြီးမား၍ ကုသိုလ်တရားတို့၌ နိုးနိုးကြားကြားရှိလှသော သူတို့သာ စောင့်တတ်ကြသောကြောင့် ပဋိဇာဂရ ဥပုသ်ဆိုသည်မှတ်။ ။

## ပါဋိဟာရိယ ၂ ဥပုသ်မှာ

ရခဲသော လူ့ဘဝကို ရကြ၍ ကြုံခဲသော သာသနာတော်ကြီးနှင့် ကြုံကြရတဲ့အခါမှသာ သီလပါရမီကို ဖြည့်ဆည်းပူးနိုင်ကြသည်။ ဖြည့်ကျင့်ဆည်းပူးခွင့်ကို ရနိုင်ကြသည်ဟု အသိကြီးသိကြ၍၊ ပကတိ ဥပုသ်မျိုး ပဋိဇာဂရ ဥပုသ်မျိုး မျှလောက် နှင့် အားမရ မရောင့်ရဲ၊ မတင်းတိမ်နိုင်ကြ၍ တစ်လတန်သည်၊ နှစ်လတန်သည် ၃လ၊ ၄လ၊ ၅လ တန်သည် အမြဲ ဆောင်ကြသော ဥပုသ် ဖြစ်၍ ပါဋိဟာရိယ ဥပုသ်ဆိုသည် မှတ်လေ။ ။

## ဥပုသ် ကပြားလော

သို့ဖြစ်လျှင် ယခုကာလ စောင့်ကြသော ဥပုသ်မျိုးများမှာ များသောအားဖြင့် ပကတိ ဥပုသ် ၈ မျိုးလည်း မကျ၊ ပဋိဇာဂရ ဥပုသ် ၁၁မျိုးလည်း မဟုတ်။ ပါဋိဟာရိယ ဥပုသ် ၂ မျိုးလည်း မဝင်၊ တောင်မကျ၊ မြောက်မကျဖြစ်နေ၍ (ဥပုသ်က,ပြားလော) ဟူ၍သာ တွေးတောရန် ရှိတော့၏။ သို့ရာတွင် ရှေးက စောင့်ကြတဲ့ ပကတိ ဥပုသ်လို ၈ ဥပုသ်စေ့အောင် မစောင့်နိုင်ကြ၍ သဒ္ဓါ၊ စေတနာ

နည်းပါးဆုတ်ယုတ်လာကြသဖြင့် ၈ ရက်၊ လပြည့်၊ လကွယ်၊ တစ်လမှ လေးရက်လောက်သာ၊ လေးဥပုသ် လျော့ချပစ်လိုက်ကြ၍ ပကတိ ဥပုသ်မျိုးတို့၌ ပါဝင်နေသေးသောကြောင့် ပကတိဥပုသ် ဟူ၍ပင် မှတ်ရမည်။

## ဥပုသ်မျိုးစုံ

ဘုရားလောင်း ယုန်မင်း၊ ဖျံ၊ မြွောက်၊ မြွေဆွေး၊ သခ်ပါလ၊ စမ္ပေယျစသော တိရစ္ဆာန် ဘဝများမှာပင် ဥပုသ် သုံးသည်ကို ထောက်စာပါလျှင် ယခုလိုရခဲသော လူ့ဘဝကိုရကြ၍ ကြုံခဲသော သာသနာတော်ကြီးနှင့် ကြုံကြရတဲ့အခါမှာ တစ်သက်လုံး မတတ်နိုင် သော်လည်း တစ်ကြိမ်တစ်ခါ စောင့်ဖူးတယ် သုံးဖူးတယ်ရှိအောင် အဆိုပါဥပုသ် ၃ မျိုးလုံးစုံအောင် ကျင့်သုံးဆောက်တည်ဖို့ ကောင်း လှသည်၊ သင့်လှသည်ကို သတိပေး နှိုးဆော်လိုက်ပါသည်။

## မအားမလပ်ဟူသော ဆင်ခြေ

ယနေ့ ၈ ရက် လပြည့်နေ့ ဘာကြောင့် ဥပုသ် မစောင့်သနည်း မေးလျှင် (မအားလပ်လို့) ဟူသော ဆင်ခြေကတစ်ဘက်၊ ဘာ ကြောင့်ဆိုတဲ့ မြင်းခြေကတစ်ဘက်၊ ကျွဲခြေကတစ်ချောင်း၊ နွားခြေ ကတစ်စု စသဖြင့် ခြေပေါင်းများစွာ ကျားကန်သလိုကန်၍ ဆင်ခြေ ပေးတတ်ကြ၏။ ။

## ဇနက္ကမင်း

ဘုရားလောင်းဇနက္ကမင်းသည် ပင်လယ်တွင်းမှာ သင်္ဘောပျက်၍ တစ်ဘက်ကမ်းသို့ကူးစဉ် ဥပုသ်နေ့ကြုံ၍ ခံတွင်းကိုရေဆေးပြီး ဥပုသ် စောင့်သတဲ့။ သူ့လောက် မအားသူရှိပမလား၊ စဉ်းစားပါလေ၊ ခြေမအား၊ လက်မအား မဟုတ်လား၊ ခြေလက်အားနေရင် ရေထဲ

နှစ်မြုပ်သွားမယ်။ ခြေကလဲ ကန်ရတယ်။ လက်ကလဲ ယက်ရတယ်။ ဒါလောက် မအားတဲ့အထဲက ဥပုသ်စောင့်သေးသတဲ့၊ ဒါမှ မအားတာ အစစ်မဟုတ်လား။ ။

## တစ်နည်း ဥပုသ်သည်

၁။ ဂေါပါလ ဥပုသ်

၂။ နိဂဏ္ဌ ဥပုသ်

၃။ အရိယ ဥပုသ်။ ဤလို ၃ မျိုး ရှိသေး၏ ဟူ၍လည်း မှတ်သားထားလေဦး။ ။

## ထိုတွင် ၁။ ဂေါပါလဥပုသ်

အခန္နင့်ငှား နွားကျောင်းသားတို့သည် နေ့အဖို့၌ သူတစ်ပါး နွားများကိုကျောင်းပြီးလျှင် ညဉ့်အဖို့၌ နွားရှင်တို့အား ရေတွက်အပ်နှံ အိမ်သို့ပြန်ခဲ့၍ ညဉ့်စာ စားပြီးလျှင် ငါသည် ယနေ့အဖို့ နွားများကို ဤမည်သော စားကျက်၌ ကျောင်းရပေပြီ။ နက်ဖြန်အတွက် ဤမည်သော စားကျက်၌ကျောင်းအံ့ဟု ကြံစည် အောက်မေ့ကာ အချိန်ကို ကုန်စေသကဲ့သို့ ထို့အတူ ဥပုသ်ဆောက်တည်ပြီးကာ ငါသည် ယနေ့အတွက် ဤမည်သော ခဲဘွယ်ဘောဇဉ်ကို စားရပေပြီ။ နက်ဖြန်အတွက် ဤမည်သော ခဲဘွယ်ဘောဇဉ်ကို စားရလတ္တံ့ဟု အောက်မေ့ကြံစည်၍လည်းကောင်း၊ သို့မဟုတ် ယနေ့တော့ ဤမည်သော သူက ဥပုသ်ဆွမ်း ကြွေး၍ စားရပေပြီ။ နက်ဖြန်ကာ ဘယ်သူ ဥပုသ်ဆွမ်း ကြွေးပါလိမ့်မည်နည်းဟု ကြံစည်အောက်မေ့၍ လည်းကောင်း၊ သို့မဟုတ် လယ်စကား, ယာစကား, ကူးသန်းရောင်းဝယ်ရေးစကား၊ သားစကား, သမီးစကား, စစ်သတင်းစကား၊

အတင်းစကားစသော စပ်မိစပ်ရာ သောင်းပြောင်းရောရာ မင်္ဂိုလ်မှ ဓိလာကန့်လန့်ဖြစ်သော (တိရစ္ဆာနကထာ)တွေကို တဟားဟား ရယ်မော၊ တသောသော ပြောဆို၍ လည်းကောင်း၊ ဥပုသ်နေ့၏ အချိန်ကိုကုန်လွန်စေ၏။ထိုဥပုသ်သည် ခွားကျောင်းသားနှင့်တစ်သပ် တစ်သားတည်း တူနေ၍ ''ဂေါပါလ''ဥပုသ်မည်၏။ (ဝါ) အတင်း ပြော ဥပုသ် မည်၏။

## ၂။ နိဂဏ္ဌဥပုသ်

ငါတို့၌ ကိလေသာအထုံးအဖွဲ့ မရှိဟု ဆိုလေ့ရှိသော မိစ္ဆာဒိဋ္ဌိ နိဂဏ္ဌတို့သည် မိမိတို့ တပည့်တကာတို့ကို ''အို- ယောကျ်ားတို့၊ သင်တို့သည် အရှေ့အနောက် တောင်မြောက် အရပ်လေးမျက်နှာ တို့၌ ယူဇနာတစ်ရာစီ ပိုင်းခြားပြီးလျှင် ယူဇနာတစ်ရာမှ ပြင်ဘက်၌ တည်သော သတ္တဝါတို့ကို မသတ်ကြပါကုန်လင့်၊ ထိုသို့ မသတ်ခြင်း သည်ပင် ဥပုသ်ဆောက်တည် ကျင့်သုံးသည် မည်၏'' စသဖြင့် ဆောက်တည်စေအပ်သော နိဂဏ္ဌတို့၏ အကျင့်သည် နိဂဏ္ဌဥပုသ် မည်၏။ ။

တစ်နည်း။ ယူဇနာတစ်ရာ ပြင်ပ၌တည်သော သတ္တဝါတို့ကို ငါမသတ်အံ့ဟု ဆောက်တည်ခြင်းသည် နိဂဏ္ဌဥပုသ် မည်၏။

## ၃။ အရိယာဥပုသ် ၅မျိုး။

၁။ ဗြဟ္မုပေါသထ ။ ။
၂။ ဓမ္မုပေါသထ ။ ။
၃။ သံဃုပေါသထ ။ ။
၄။ သီလူပေါသထ ။ ။
၅။ ဒေဝတူပေါသထ ။ ။ဟူ၍ ၅ မျိုးရှိ၏ မှတ်။ ။

(ဒုတိယအကြိမ်)

## (၁) ဗြဟ္မူပေါသထ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အရဟံ စသော ဂုဏ်တော်များကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်၍ ဥပုသ်နေ့အဖို့ကို ကုန်စေသော ဥပုသ်သည် ဗြဟ္မူပေါသထ အရိယ ဥပုသ်မည်၏။ ။

## (၂) ဓမ္မူပေါသထ။

တရားတော်မျက်ကြီး၏ သွာက္ခာတတာ စသော ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်၍ ဥပုသ်နေ့ကို ကုန်လွန်စေသော ဥပုသ်သည် ဓမ္မူပေါသထ အရိယ ဥပုသ် မည်၏၊ ။

## (၃) သံဃူပေါသထ။

သံဃာတော်မြတ်တို့၏ သုပ္ပဋိပန္နတာ စသော ဂုဏ်တော်များကို အောက်မေ့ဆင်ခြင်၍ ဥပုသ်နေ့ကို ကုန်လွန်စေသော ဥပုသ်သည် သံဃူပေါသထ အရိယ ဥပုသ် မည်၏၊ ။

## (၄) သီလူပေါသထ။

ငါ၏သီလသည် အစ,အလယ်,အဆုံး သုံးပါးတို့၌ ကျိုးပေါက်ပြောက်ကြားခြင်း အလျှင်းမရှိ စသည်ဖြင့် မိမိသီလကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၍ ဥပုသ်နေ့အဖို့ကို ကုန်လွန်စေသော ဥပုသ်သည် သီလူပေါသထ အရိယ ဥပုသ် မည်၏။ ။

## (၅) ဒေဝတူပေါသထ။

နတ်ဗြဟ္မာတို့သည် သဒ္ဓါစသော တရားတို့နှင့် ပြည့်စုံကြကုန်၍၊ ဤလူ့ဘုံမှ စုတေကြသော်၊ နတ်ဘုံဗြဟ္မာဘုံတို့၌ ဖြစ်ကြရကုန်၏။ ။ ငါသည်လည်း၊ ထို နတ်ဗြဟ္မာတို့ကဲ့သို့၊ သဒ္ဓါ,သီလ,သုတ,စာဂ,

ပညာ-စသော တရားများနှင့် ပြည့်စုံ၏ဟု နတ်မြတ်ဗွာတို့ကို၊ သက်သေအရာ၌ထား၍ မိမိ သဒ္ဓါစသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၍ နေ့အဖို့ကို ကုန်လွန်စေသော ဥပုသ်သည် ဒေဝတူပေါသထ အရိယ ဥပုသ်မည်၏။ ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော၊ ဘုရားဂုဏ်တော် ၉—ပါး၊ တရားဂုဏ်တော် ၆-ပါး၊ သံဃာ့ဂုဏ်တော် ၉-ပါးတို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၍ ဆောက်တည်အပ်သော ဥပုသ်သီလ သည် သာလျှင်၊ ကြီးကျယ်ပြန့်ပြော မရေမတွက်နိုင်သော အကျိုးများကို မုချဆပ်ဆပ် ပေးပေတတ်သောကြောင့် တစ်နေ့,တစ်ရက် အလုပ်ဖျက်၍၊ ထမင်းဆာခံပြီး ဥပုသ်စောင့်ကြပါလျှင်၊ အဆိုပါ အရိယ ဥပုသ် ၅-မျိုးတို့တွင် တစ်မျိုးမျိုး ဖြစ်အောင် ကြိုးစား အားထုတ်ကြရန် အကျိုးမျှော်၍ နှိုးဆော်လိုက်ပါသည်။ ။ဂုဏ်တော်များကို ပွားများပုံ ရှေ့မှာ ကြည့်ပါလေ။ စုံလင်စွာ ရေးသားထားပါ သည်။ ။

## အရိယဥပုသ်၏အကျိုး။

အရိယဥပုသ် ဖြစ်အောင် စောင့်က အကျိုးကြီးကြောင်းကို— အင်္ဂုတ္တိုရ်ပါဠိတော်၌ (ဝိသာခါအား) ဘုရားဟောတော်မူသည်ကို ဘာသာပြန်ဖြင့် ရေးသား ပြဆိုပေအံ့။

ချစ်သမီး ဝိသာခါ၊ အရိယဥပုသ် ဖြစ်အောင် စောင့် ရ သော အကျိုးများသည်၊ လွန်စွာ ကြီးမားလှပေ၏။ ဥပမာ ဆိုသော်၊ ဤဇမ္ဗူဒိပ် ကျွန်းကြီးကို စည်မျက်နှာကဲ့သို့ ပြုပြင်၍၊ ခါးပမာဏ ကျွံနှစ်အောင် ရတနာ ခုနစ်ပါးတို့ဖြင့် ပြည့်၍ ကြွယ်ဝချမ်းသာ သော၊ ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာဝတေးမင်း တို့၏ စည်းစိမ် ချမ်းလာသည်၊ လွန်စွာကြီးကျယ်ခန်းနားလှ၏ဟု ဆိုရသော်လည်း၊ ယခုတစ်ကြိမ် ဆောက်တည်ရသော အရိယ ဥပုသ်၏ အ ကျိုး ကို (၂၅၆) စိတ်—စိတ်၍ တစ်စိတ်ကိုမျှ မမှီနိုင်ချေ။ ။

(ဒုတိယအကြိမ်)

## ဆီးနှင်းပေါက်ပမာ။

အဘယ့်ကြောင့်နည်းဟူမူကား နတ်တို့၏ စည်းစိမ်ချမ်းသာကို ထောက်ဆ၍ လူတို့၏ စည်းစိမ်ချမ်းသာသည် သမန်းမြက်ဖျားတွင် ဘင်နေသော ဆီးနှင်းပေါက် ပမာ၊ လွန်စွာ နည်းငယ်လှသော ကြောင့်ပေတည်း။ ။

## ၁။ စာတုမဟာရာဇ်။

ချစ်သမီး ဝိသာခါ၊ လူတို့ အရေအတွက် အနှစ်ငါးဆယ်သည်၊ စာတုမဟာရာဇ် နတ်ပြည်၌၊ တစ်နေ့တစ်ညဥ့်သာ ဖြစ်၍၊ ထိုညဥ့် ဖြင့်၊ ညဥ့်ပေါင်း ၃၀-သည်—တစ်လ၊ ၁၂-လသည် တစ်နှစ်၊ ထို နှစ်ဖြင့်။ အနှစ်ငါးရာလည် စတုမဟာရာဇ် နတ်သက်မည်၏။ လူတို့ အရေအတွက်ကား အနှစ်ကိုးသန်း ဖြစ်၏။ ထိုငါးရာ၊ ကိုးသန်းတို့ တိုင်တိုင် နတ်တို့၏ စည်းစိမ်ချမ်းသာတို့ကို ခံစားကြရကုန်၏။ ။

## ၂။ တာဝတိံသာ။

တာဝတိံသာနတ်တို့၏ အရေအတွက် အ နှစ် တစ် ထောင်။ လူတို့၏အရေအတွက် သုံးကုဋေခြောက်သန်း ဖြစ်၏။ ထိုတစ်ထောင်၊ သုံးကုဋေ ခြောက်သန်း တိုင်တိုင် နတ်တို့၏ စည်းစိမ်ချမ်းသာတို့ကို ခံစားကြရကုန်၏။ ။

## ၃။ ယာမာ။

ယာမာနတ်တို့၏ အရေအတွက် အနှစ် နှစ်ထောင်။ လူတို့အရေ အတွက် အနှစ် တစ် ဆယ့် လေး ကု ဋေ လေး သန်း ဖြစ် ၏။ ထို နှစ်ထောင်၊ တစ်ဆယ့်လေးကုဋေ လေးသန်းတို့တိုင်တိုင် နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားကြရကုန်၏။ ။

(ဒုတိယအကြိမ်)

## ၄။ တုသိတာ။

တုသိတာနတ်တို့အရေအတွက် အနှစ်လေးထောင်။ လူတို့ အရေ အတွက် အနှစ် ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်း ဖြစ်၏။ ထိုမျှတိုင် တိုင် နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားကြရကုန်၏။ ။

## ၅။ နိမ္မာနရတိ။

နိမ္မာနရတိ နတ်တို့၏ အရေအတွက် အနှစ် ရှစ်ထောင်။ လူတို့ အရေအတွက် အနှစ် ကုဋေ နှစ်ရာ့သုံးဆယ့်လေးသန်း ဖြစ်၏။ ထိုမျှ တိုင်တိုင် နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားကြရကုန်၏။ ။

## ၆၊ ပရနိမ္မိတဝသဝတ္တီ။

ချစ်သမီး ဝိသာခါ၊ လူတို့၏ အရေအတွက် အနှစ် တစ်သောင်း ခြောက်ထောင်သည်။ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်၌ တစ်နေ့ နှင့် တစ်ညဉ့်သာ ဖြစ်၏- ထိုညဉ့်ဖြင့် ညဉ့်ပေါင်း ၃၀–သည် တစ်လ၊ ၁၂–လသည် တစ်နှစ်၊ ထိုနှစ်ဖြင့် နှစ်ပေါင်း တစ်သောင်းခြောက် ထောင်သည်၊ ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ အသက်မည်၏။ လူတို့ အရေအတွက်အားဖြင့်ကား၊ အနှစ် ကုဋေ ကိုးရာ့နှစ်ဆယ့်တစ်ကုဋေ ခြောက်သန်းတို့တိုင်တိုင်၊ နတ်တို့၏ စည်းစိမ်ချမ်းသာတို့ကို ခံစား ကြရကုန်၏။ ဤသို့ နတ်တို့၏ စည်းစိမ်များနှင့် နှိုင်းစာလိုက်ပါက၊ လူတို့၏ စည်းစိမ်ချမ်းသာများသည်၊ အလွန်ပင် နည်းငယ်တိုတောင်း လှ၏။ ဥပမာဆိုသော်၊ နေရောင်နှင့် ပိုးစုံးကြူး၊ မီးစွဲနှင့် မြင်းမိုရ် တောင်ကဲ့သို့ ဖြစ်ကြ၏။ အရိယဉပုသ်သည်၊ ဤမျှလောက် အကျိုး ကြီးမားလှ၍၊ နောင်အခါ၊ အရဟတ္တဖိုလ် နိဗ္ဗာန်ချမ်းသာမြတ်ကြီး ကို လျင်မြန်စွာ ရခြင်း၏ အားကြီးသော (ဉပနိဿယ) အကြောင်း။

(ဒုတိယအကြိမ်)

ကောင်းကောင်းလှလှကြီး ဖြစ်သည်ဟု ဝိသာခါအား ဘုရားဟောသည်ကို မှတ်၍ ကြွပ်ကြွပ်ကြီး သတိထားကြပြီးလျှင်၊ ဥပုသ်စောင့်က အရိယဥပုသ်ဖြစ်အောင်ခဲ့ဖို့ကို တမှာတည်း မှာလိုက်ပါသည်။ မဂ်ဉာဏ်ဖိုဉာဏ် နိဗ္ဗာန်ငံ့မျှော် သူတော်အပေါင်းတို့။ ။

........△........

## ကျမ်းဂန်၌မလာသော ဥပုသ် ၃ မျိုး။

၁။ ပိတ်,ဖုံး ဥပုသ်။

၂။ စ,လယ်,ဆုံး ဥပုသ်။

၃။ တစ်နှစ် သုံး ဥပုသ်။

ထိုတွင်၊ အချို့ အရပ် အချို့ တကာများ၊ ဝါဆိုလပြည့်နေ့ တစ်ခါ၊ သီတင်းကျွတ်လပြည့်နေ့တစ်ခါ၊ အပိတ်,အဖုံးစောင့်သည်ကို "ပိတ်-ဖုံး" ဥပုသ် ဆိုကြ၏။ ။ဝါဦး တစ်ခါ၊ ဝါလယ် တစ်ခါ၊ ဝါကျွတ်တစ်ခါ၊ စ,လယ်,ဆုံး စောင့်သည်ကို "စ-လယ်-ဆုံး" ဥပုသ် ဆိုကြ၏။ ။ဝါဆိုလ တစ်ခါ၊ သီတင်းကျွတ်လ တစ်ခါ၊ တန်ခူးလတစ်ခါ၊ တစ်နှစ်သုံးခါစောင့်သည်ကို "တစ်နှစ် သုံးဥပုသ်" ဆိုကြ၏။ ။အစအဆုံးဥပုသ်မှာ၊ အထက်နှင့် အောက်ပိတ်လျှင် အလယ်မှာရှိတဲ့ ငါးတွေ အကုန်ရသလို၊ စဆုံးစောင့်လျှင်၊ ဝါလယ် ရက်တွေရ၏ဟု (ငါးပိတ်ဥပမာကို) ပြဆို၏။ ။

ကျမ်းဂန်မနှံ့၍လားမသိ၊ အဆိုပါ ဥပုသ် ၃-မျိုးကို၊ ဘယ်စာပေမှာမှ မတွေ့ဘူးချေ၊ သုတမျှပေ။ ။

(ဒုတိယအကြိမ်)

## အဘယ်ဥပုသ်နည်း။

အထက်အဆိုပါ၊ ဂေါပါလ နိဂဏ္ဍ အရိယ ဥပုသ်သုံးမျိုးတို့တွင်၊ ယခုလာလ စောင့်ကြသော ဥပုသ်သည်၊ အဘယ်ဥပုသ်နည်းဟု မေးခဲ့သော်၊ ဂေါပါလဥပုသ်ဟု ဖြေဆိုလျှင်၊ လွဲမည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော်၊ ဂေါပါလဥပုသ်မျိုးကဲ့သို့ ဥပုသ်သီလကို ခံယူဆောက်တည်ကြပြီးသောအခါ၊ ဘုန်းတော်ကြီးများကျောင်း၌ဖြစ်စေ၊ ဥပုသ်ဇရပ်များ၌ဖြစ်စေ၊ သူတစ်ပိုင်း ငါတစ်ပိုင်း၊ ဝိုင်းဖွဲ့၍ စပ်မိစပ်ရာ ပြောသူပြော၊ တခေါခေါ အိပ်သူအိပ်၊ နေဝင်၍ အချိန်ကျလျှင် အိမ်ပြန်ကြသည်ကို (စာတွေ့မဟုတ်) ငါတွေ့ မျက်မြင် ဖြစ်သောကြောင့်ပေတည်း။ ။

## မူလက အရိယ ဥပုသ်ပင်။

ဒါဖြင့် ယခုကာလ စောင့်ကြတဲ့ ဥပုသ်ဟာ၊ ဂေါပါလဥပုသ်ဖြစ်လျှင်၊ လုံးလုံးအကျိုးမရှိ၊ အကျိုးမရှိ မှတ်ရတော့မည်လောဟု မေးရန် ရှိ၏။ မရှိသည်မဟုတ်။ ရှိ၏၊ ရ၏မှတ်။ သို့ရာတွင် ရတနာသုံးပါးဂုဏ် စသည်ကို ဆင်ခြင်ပွားများနှလုံးထား၍ ဆောက်တည်အပ်သော အရိယ ဥပုသ်မျိုးများလို၊ အရိယ ဥပုသ်မျိုးလောက် အရောင်မတောက်လှ။ ကျူပ်ပြည့်မရ။ မှူးတင်း မတ်တင်းမျှ၊ အကျိုးလွန်စွာ မကြီးမားလှ၍သာ (န မဟပ္ဖလော န မဟာနိသံသော) ဟု ပုပ္ဖါရုံကျောင်းအမ ဝိသာခါဒါယိကာမကြီးအား ဘုရားဟောတော်မူသည်ဟု မှတ်ရမည်။ (နိဂဏ္ဍ ဥပုသ်မှာ လုံးလုံးအကျိုးမရှိမှတ်) ဂေါပါလဥပုသ်ဟူသည် တစ်မျိုး သီးခြား မဟုတ်၊ အရိယ ဥပုသ်ပင်။ သို့ရာတွင် စားဖွယ်သောက်ဖွယ် အမယ်မယ်ကို ရှေ့ရှုကြံရွယ်ကာ (တိရစ္ဆာနကထာ) ဖြင့်သာ နေ့အဖို့ကို ကုန်လွန်စေသောကြောင့် ဂေါပါလ ဥပုသ်ဟု ဟောတော်မူရင်း ဖြစ်သည်ဟု

မှတ်ရမည်။ ဂေါပါလဥပုသ်ကို မူးတင်း မတ်တင်း ဥပုသ်။ အတင်း ပြောဥပုသ် ဆိုလျှင်လည်း ဟုတ်တုတ်တုတ်ပဲ။ ။

## ကမ္မဋ္ဌာန်းသာဖြစ်၏။

စားဖွယ်သောက်ဖွယ် အမယ်မယ်နှင့်၊ ရောင်းဝယ်ဖောက်ကား လယ်ယာ သားမယား စသောအားဖြင့် ၃၂-ပါးသော တိရစ္ဆာန ကထာကို ပြောဆိုပါက၊ ဂေါပါလဥပုသ်ဆိုလျှင် (ဝါ) အတင်း ပြောဥပုသ်ဖြစ်နေပါလျှင်၊ ဂေါပါလ ဥပုသ်မှ ကင်းလွတ်အောင်၊ (ဝါ) အတင်းပြောဥပုသ်မှ ကင်းလွတ်အောင် ရှောင်ကွင်း၍ စောင့် နိုင်သူ ဥပုသ်သည် ရှိပါတော့မည်လောဟု မေးခဲ့သော်၊ နည်းသိ၍ နှလုံးသွင်း။ဆင်ခြင်တတ်ပါက ဂေါပါလဥပုသ်မဖြစ်။ အရိယဥပုသ် ဖြစ်၍ (ကမ္မဋ္ဌာန်းပင် ဖြစ်သေး၏ဟု တိုတိုဖြေလေ) ဝါ၊ ငါတို့ပြော ဆိုတဲ့စကားတွေဟာ ပြောပြီးလျှင်ပျက်၊ ပြောပြီးလျှင်ပျောက်၊ အနိစ္စ နိုင်ငံသို့ ရောက်လေပြီဟု နှလုံးသွင်းလိုက်လျှင် (တိရစ္ဆာနကထာ) မဖြစ်။ ကမ္မဋ္ဌာန်းသာဖြစ်၍ အရိယဥပုသ် ဖြစ်နိုင်သည်။ ဤသို့ အနိစ္စ လက္ခဏာ မတင်ပါလျှင် တိရစ္ဆာနကထာ အစစ် ဖြစ်သည် ဟု ဖြေလေ။ ။

## ၃၂ ပါးသော တိရစ္ဆာနကထာ

တိရစ္ဆာနကထာ ဆိုသည်မှာ ပါဠိစကားမျိုး ဖြစ်သည်။ မြန်မာ လို မဂ်ဖိုလ်နိဗ္ဗာန်နှင့် ပိတ်ကာကန့်လန့် ဆန့်ကျင်ဘက်ဖြစ်သော စကား ဟု ဆိုလိုသည်။ ၎င်းကို အောက်ပါအတိုင်း သိလေ။

၁။ ရာဇကထာ — မင်းနှင့်စပ်သောစကား။
၂။ စောရကထာ — ခိုးသူနှင့်စပ်သောစကား။

(ဒုတိယအကြိမ်)

၃။ မဟာမစ္ဆကထာ အမတ်ကြီးနှင့် စပ်သောစကား။
၄။ သေနာကထာ စစ်သတင်းစကား။
၅။ ဘယကထာ ဘေးနှင့်စပ်သောစကား။
၆။ ယုဒ္ဓကထာ စစ်ထိုးစစ်တိုက်ခြင်းနှင့်စပ်သောစကား။
၇။ အန္နကထာ ထမင်းဟင်းစကား။
၈။ ပါနကထာ အဖျော်ရည်စကား။
၉။ ဝတ္ထကထာ အဝတ်ပုဆိုးစသောစကား။
၁၀။ သယနကယာ အိပ်ရာနေရာစကား။
၁၁။ မာလာကထာ ပန်းနှင့်စပ်သောစကား။
၁၂။ ဂန္ဓကထာ နံ့သာနှင့်စပ်သောစကား။
၁၃။ ဉာတိကထာ ဆွေမျိုးဉာတိနှင့် စပ်သောစကား၊
၁၄။ ယာနကထာ ယာဉ်နှင့်စပ်သောစကား။
၁၅။ ဂါမကထာ ရွာနှင့်စပ်သောစကား။
၁၆။ နိဂမကထာ နိဂုံ းနှင့်စပ်သောစကား။
၁၇။ နဂရကထာ မြို့နှင့်စပ်သောစကား။
၁၈။ ဇနပဒကထာ ဇနပုဒ်နှင့်စပ်သောစကား။
၁၉။ ဣတ္ထိကထာ မိန်းမနှင့်စပ်သောစကား။
၂၀။ ပုရိသကထာ ယောက်ျားနှင့်စပ်သောစကား။
၂၁။ သူရကထာ ရဲရင့်ခြင်းနှင့်စပ်သောစကား။
၂၂။ ဝိသိခါကထာ ခရီးလမ်းဆုံနှင့်စပ်သောစကား။
၂၃။ ကုမ္ဘဋ္ဌာနကထာ ရေဆိပ်ခပ် ကျွန်မ စကား။


(ဒုတိယအကြိမ်)

၂၄။ ပုဗ္ဗေပေတကထာ ရှေး၌ သေပြီးသော သူနှင့် စပ်သော စကား။

၂၅။ နာနတ္တကထာ အထူးထူးနှင့်စပ်သောစကား။

၂၆။ လောကက္ခာယိကထာ လောကကိုပြောသောစကား။

၂၇။ သမုဒ္ဒက္ခာယိကထာ သမုဒ္ဒရာကိုပြောသောစကား။

၂၈။ ဣတိဘဝါဘဝကထာ ဤသို့မြဲ၏မမြဲ။
ဤသို့ တက်၏ ဆုတ်၏။
ဤသို့ပွား၏ ယုတ်၏။
ဤသို့ ချမ်းသာ၏ ဆင်းရဲ၏။

ဤဘဝါဘဝ၌၊ အသင်္ချေယျ လေးခုယူ၍၊ ၃၂ ပါး ရေတွက်ယူလေ။ ဤ ၃၂ ပါးကို၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့် ဗိလာကန့်လန့် ဖြစ်နေ၍၊ တိရစ္ဆာနကထာ ဆိုသည်။ အနှစ်အသားမရှိသောစကားမျိုး ဖြစ်၍ အကျိုးမရှိ၊ ကား သူတော်ကောင်းတို့ မပြောမဆိုကြလေကုန်ဟု မှတ်လေ။ ။

## အကျိုးကြီးမားလှပါ၏။

ဉပုသ်စောင့်သုံးသော အခါတို့၌၊ အဆိုပါ မင်းခိုးသူစသော (တိရစ္ဆာနကထာ) စကားမျိုးတို့ကို၊ ဉပုသ်နေ့အတွက် ချိုးချွန် အောင့်အီး သီးခံ၍၊ လုံးဝမပြောဆိုပဲ၊ ဘုရားဂုဏ်တော် စသည်တို့ကိုသာ တမိမ့်မိမ့် အောက်မေ့ဆင်ခြင်၍၊ အရိယ ဉပုသ်မျိုး ဖြစ်အောင် စောင့်ရှောက်နိုင်ပါလျှင်၊ အကျိုးကြီးမားလှ၍၊ သင့်မြတ်လှပေ၏။ ။

## အဆုံးမှာလက္ခဏာရေးတင်။

မအောင့်အီးနိုင်၍ ပြောဆိုမိပါလျှင်၊ ပြောဆိုပြီးသောအဆုံး၌၊ ငါတို့ပြောဆိုကြသော၊ မဟာသမတစသောမင်း၊ ဗန္ဓုလစသော

(ဒုတိယအကြိမ်)

သူ့ရဲ့ကောင်း၊ အင်္ဂုလိမာလစသောသူခိုးတို့သည်၊ ယခုမရှိပြီ၊သေဆုံး၍ပျောက်၊ အနိစ္စ နိုင်ငံသို့ ရောက်ကြလေကုန်ပြီ။ ခြေဘ်-မခြ ဆင်းရဲ အစိုးမရတဲ့ အနိစ္စမျိုး၊ ဒုက္ခမျိုး၊ အနတ္တမျိုးတို့ပါတကား။ သေပျောက် ပျက်စီးခြင်းသို့ ရောက်ကြလေကုန်ပြီဟု၊ လက္ခဏာရေးတင်၍ အဆုံးသတ်ပါလျှင် (တိရစ္ဆာနကထာ) မဖြစ်၍ ဝေါပါလဥပုသ်မဖြစ်သည်သာမက၊ ကမ္မဋ္ဌာန်းပင် ဖြစ်၏ဟုသိ။ ။

## သောပိနာမ ဧဝံမဟာနုဘာဝေါ ခယံဂတောတိ၊ ဧဝံ ပဝတ္တာပန ကမ္မာဋ္ဌာနဘာဝေ တိဋ္ဌတီတိ။ ။

ဧဝံ၊ ဤသို့၊ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိသော။ သောပိနာမ၊ ထိုမဟာသမတ စသောမင်း။ ဗန္ဓုလစသော သူ့ရဲကောင်း၊ အင်္ဂုလိမာလစသော ခိုးသူသည်လည်း၊ ခယံ၊ သေဆုံးပြုန်းတီး ပျက်စီး ကုန်ခမ်းခြင်းသို့။ ဂတော၊ ရောက်ရလေပြီ။ ဧဝံ၊ ဤသို့၊ ပဝတ္တာပန၊ ကုန်ခမ်းပျက်စီးခြင်း အနိစ္စလက္ခဏာ စသည်နှင့် စပ်ယှဉ်သောစကား ဖြစ်ပါမူကား၊ ကမ္မဋ္ဌာန ဘာဝေ၊ မရဏာဿတိကမ္မဋ္ဌာန်း အရာ၌၊ တိဋ္ဌတိ၊ တည်၏။ ။ဟူသော သီလက္ခန် အဋ္ဌကထာကိုယောက်၍ သိပါလေ။ ။

## မှတ်ချက်။

တိရစ္ဆာနကထာ မဖြစ်မူ၍ ကမ္မဋ္ဌာန်းဖြစ်အောင် အထက်က ပြဆိုခဲ့သော နည်းကိုမှီ၍ ထမင်းဟင်းစကား ဖြစ်လျှင်၊ ထမင်းဟင်းစကား အလျောက်၊ မြို့ရွာနိဂုံး ဖြစ်လျှင်၊ မြို့ရွာနိဂုံးစကား အလျောက်၊ စစ်သတင်းစကားဖြစ်လျှင်၊ စစ်သတင်းစကားအလျောက်၊ အရာဌာနကိုလိုက်၍ နှလုံးသွင်းတတ်ပါစေ။ ရှည်ရှည် လျားလျား နှလုံးမသွင်းတတ်ပါလျှင်၊ ဘယ်စကားမျိုးကိုမဆိုပြောပြော၊ ယခု ငါတို့ပြောဆိုကြသော စကားအသံတို့သည် သဒ္ဒရုပ်တို့ပင်၊ ထိုသဒ္ဒရုပ်တရားတို့သည်လည်း၊ ပြောဆိုပြီးသောကြောင့်

(ဒုတိယအကြိမ်)

ပျောက်လေပြီ ပျက်လေပြီ၊ ကွယ်ချုပ်လေပြီ၊ မမြဲသော၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးမျှသာ ဖြစ်ကုန်၏ဟု နှလုံးသွင်းပါလေ။ ဤသို့ နှလုံးသွင်း၍ စကားအဆုံးသတ်ပါလျှင်၊ ကမ္မဋ္ဌာန်းအရာ၌ တည်၍၊ တိရစ္ဆာနကထာ မဖြစ်။ တိရစ္ဆာနကထာ မဖြစ်လျှင် ဂေါပါလဥပုသ်၊ အရင့်စားအစစ် မဟုတ်၊ ဂေါပါလဥပုသ် အစစ်မဟုတ်လျှင် အရိယာဥပုသ်နီးနီး အကျိုးကြီးသည်ဟု သိလေ။ ။

## ဥပုသ်စောင့်လက်စွဲ

ဤစာအုပ်မှာ ဥပုသ်စောင့်လက်စွဲ ဆိုသည်နှင့်အညီ၊ ဥပုသ်စောင့်သွားလျှင်၊ ဤစာအုပ်ကို မမေ့ပါစေနှင့်။ တစ်ယောက်တစ်အုပ်ကျ လက်ကိုင်ရှိထားပါစေ။ စာမတတ်သောသူများမှာ၊ စာတတ်သောသူကို အဖတ်ခိုင်း၍၊ နားထောင်နေရုံမျှနှင့်ပင်၊ ဂေါပါလဥပုသ် အဖြစ်မျိုးမှ လွန်မြောက်၍၊ အရိယ ဥပုသ်မျိုး ဖြစ်နိုင်ပါသည်။ အကြောင်းသော်ကား၊ ရခဲသော လူ့ဘဝကို ရ၍၊ ကြုံတွေ့ခဲသော သာသနာတော်ကြီးနှင့် ကြုံတွေ့ရ၍ ဖြည့်ရခဲသော သီလပါရမီကို ဖြည့်ကျင့်ရတဲ့အခါ၊ အောက်တန်းစားကျလှသော ဂေါပါလဥပုသ် သီလကလေးမျှနှင့်၊ အဖိုး မဖြတ်နိုင်အောင် ထိုက်တန်လှသော သာသနာတော် တွင်းကြီးကို အလွဲသုံးစား ပြုလုပ်လိုက်သလို ဥပုသ်နေ့ရက် အချိန်ကာလတွေကို အလကားဖြုန်းတီးဖျက်ဆီး၍၊ မပစ်လိုက်ကြရန် အကျိုးမျှော်၍ နှိုးဆော်လိုက်ပါသည်။ ။

## အရိယဥပုသ်ဖြစ်အောင်

ဥပုသ်စောင့်လျှင်၊ ကျဝ်ပြည့်ရတဲ့ အရိယဥပုသ်ဖြစ်အောင် အားထုတ်ပါ။ မှုံးတင်းမတ်တင်းမျှသာ ရရှိတဲ့ ဂေါပါလဥပုသ်မျှနှင့် ကျေနပ်မနေပါလေနှင့်။ ဤဂေါပါလ နိဂဏ္ဌ အရိယဥပုသ် သုံးမျိုးကို

အယုတ် အလတ် အမြတ်အားဖြင့် ခွဲခြား၍။ ပုပ္ဖါရုံ ကျောင်းအမ၊ ဝိသာခါ ဒါယိကာမကြီးအား ဘုရားရှင် ဟောတော် မူသည်မှာ၊ အယုတ်အလတ်ကို ပယ်၍ အမြတ်ဖြစ်အောင် ကျင့်စေလို၍၊ ငါ့၊ အကျိုးများများကြီး ရစေလို၍ (အင်္ဂုတ္တိုရ် ပါဠိတော် အဋ္ဌကနိပါတ်မှာ) ဟောတော်မူသည်မှတ်။ ။

## အရိယဥပုသ် ငါးမျိုး။

အရိယဥပုသ်ဖြစ်အောင် စောင့်သုံးဆောက်တည်နည်း ငါးမျိုးကို ရှေ့၌ ဆက်လက် ကြည့်ပါလေ။ ထိုတွင် တစ်မျိုးမျိုး ဖြစ်လျှင်ပင် အရိယဥပုသ် ဖြစ်ပါတော့သည်။ အရိယ ဥပုသ် ဖြစ်အောင် စောင့်တတ်လျှင်ပင်၊ ဥပုသ်စောင့်တတ်လျှင်ပင်၊ ဥပုသ်စောင့်တတ်ပြီး အကျိုးများစွာရအောင် စောင့်တတ်ပြီး၊ ထမင်းဆာခံရကျိုးနပ်ပြီ၊ ဥပုသ်စောင့်တဲ့ နေ့ရာမှာ လိမ္မာလှပြီ၊ တတ်လှပြီ၊ နားလည်လှပြီဟု ဆိုရပေမည်၊ ရှေ့ဘက်ကို ဆက်လက်၍ ကြည့်ပါလေ။ ။

## ဗြဟ္မူပေါသထ၊ အရိယဥပုသ် ဖြစ်စေနိုင်သော ဘုရားဂုဏ်တော် ၉ပါး၊ ပါဠိ။ ။

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓော၊ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဒမ္မ သာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓော ဘဂဝါတိ။ ။

## တစ်နည်း ဂုဏ်တော် ၉ ပါး၊ ပွားများရန် ပါဠိများ။

၁။ သော ဘဂဝါ ဣတိပိ အရဟံ။
၂။ သော ဘဂဝါ ဣတိပိ သမ္မာ သမ္ဗုဒ္ဓော။

(ဒုတိယအကြိမ်)

၃။ သောဘဂ္ဂဝါ ဇာတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော။
၄။ သောဘဂ္ဂဝါ ဇာတိပိ သုဂတော။
၅။ သောဘဂ္ဂဝါ ဇာတိပိ လောကဝိဒူ။
၆။ သောဘဂ္ဂဝါ ဇာတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ။
၇။ သောဘဂ္ဂဝါ ဇာတိပိ သတ္ထာဒေဝ မနုဿာနံ။
၈။ သောဘဂ္ဂဝါ ဇာတိပိ ဗုဒ္ဓေါ။
၉။ သောဘဂ္ဂဝါ ဇာတိပိ ဘဂဝါ။

၁။ ။သောဘဂ္ဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဇာတိ ဇာမိနာစကာရဏေန၊ လောဘ,ဒေါသ,မောဟ,ကိလေ,မိစ္ဆာဒိဋ္ဌိ,အဟိရိက, အနောတ္တပ္ပနှင့်၊ တိန,မာန,ဥဒ္ဒစ္စဟု ဒသကိလေ ရန်ညစ်တေကို၊ လေးထွေမဂ်ပေါင်း သူရဲကောင်းဖြင့် ထောင်းထောင်း ဖျက်ဖြိုး တိုက်လှဲ့မှုန်းချ၍၊ ပတ်ကုန်းရန်သူ မပြုဝံ့ရှောင်း ဤအကြောင်း ကြောင့်လည်း။ အရဟံ၊ အရဟာ မည်တော်မူပါပေ၏။ ။

၂။ ။သောဘဂ္ဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဇာတိ ဇာမိနာစကာရဏေန၊ အဘိညေယျာ ပရိညာနှင့် ပဟာတဗ္ဗ သစ္ဆိကာဟု မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာမဆို အလိုလိုလျှင် ဟိတ်မိုလ်နှင့် ထောက် မဖောက်မပြန် မှန်စွာသိရှောင်း ဤအကြောင်းကြောင့် လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာ သမ္ဗုဒ္ဓ မည်တော်မူပါပေ၏။ ။

၃။ ။သောဘဂ္ဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဇာတိ ဇာမိနာစကာရဏေန၊ သုံးပါးဝိဇ္ဇာ,ပု,ဒိအာနှင့် ဝိ,မ,စေ,ဒိ,အာပု,ဇာတွင် ဒိပုတစ်ကြိမ် ရှစ်ပါးချိန်လျက် သီ,ဇာန်,ဘော,ဇာ သတ် စတ္တာဟုဆယ့်ငါးန စရဏ မြတ်မမှန့်ငှ လုံးဝဥဿုံ ပြည့်စုံတတ်ရှောင်း ဤ အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏။ ။

(ဒုတိယအကြိမ်)

၄။ ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဇာတိ ဇာမိနာ စ ကာရဏေန၊ ဒီပင်္ကရာ ထွဋ္ဌချာသနင်း ခြေတော်ရင်းမှ၊ မှန်ကင်း သိရှိ ဗောဓိမဏ္ဍိုင် ခမ်းဝါပိုင်အောင်၊ ဆယ်နိုင်ပါရမီ၊ စုံပြည့်ညီလျက်၊ ယုံးလီဘဝ များသတ္တ၏ သုခမ်းပွား ကျင့်သောအားဖြင့် မြင့်မားစွာလှ သဿတနှင့် ဥစ္ဆေဒဟူ မိုက်အယူကို ဆံဖြူတစ်ပင် မကပ်ငြားဘဲ သတိ သမ္ပဇဉ် မပြတ် ယှဉ်လျက် သဗ္ဗညုတ ညာဏ အကျော် ရကြောင်းမြော်၍ လာတော်မူရှာင်း ဤအကြောင်း ကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူပါပေ၏။ ။

၅။ ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဇာတိ ဇာမိနာ စ ကာရဏေန၊ သတ္တသင်္ခါရ ဩကာသဟု လောကသုံးပုံ အလုံးစုံကို အခရုံထင်စွာ ပိုင်းခြားကာလျှင်၊ အာသယာနုသယ စရိတ ဝိမုတ် ဖြတ်ယုတ်နှစ်ခု မုဒုတိက္ခ စသည်အထွေထွေ လေရေမြေဟူ မေရုစကြဝဠာ သီတာပတ်ခြံ တောင်ရန်ခုနစ် လှည့်ချစ်နေလ ဒီပ လေးတန် ခြောက်တန်နတ်ရွာ ဗြဟ္မာနှစ်ဆယ် သွယ်သွယ်များလှ ဝေဖန်ပြလျက် လက္ခဏာ ရသ ကိစ္စ စေ့ငု ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဟူ ရုပ်နာမ်ဝေခြား ခင်သိမ်း အားဖြင့် ထွေပြားဆုံးတိုင် သိနိုင်စွာ ရှောင်း၊ ဤအကြောင်း ကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပါပေ၏။ ။

၆။ ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဇာတိ ဇာမိနာ စ ကာရဏေန၊ သညာဇေက် နာနတ်ထွေလာ အဖြာဖြာဖြင့် သတ္တဝါ သ ဘုံကိုး၌ သီလခေါင်ထိ သမာဓိနှင့် ဘူရိမေဓာ ပညာမဟုတ် ဝိမုတ်မြတ်ဂုဏ် ကျေးဇူးဟုန်တို့ဖြင့် ပုံစံနှိုင်းထောက် တစ်ယောက်မျှ အသမဟု မြတ်လှထွဋ်ထိပ် ဤကြောင်း ဟိတ် ကြောင့် လည်းကောင်း၊ ဆုံးမခြင်းငှာ လျှောက်ပတ်စွာသည် အပဋ္ဌာလ ဇုမသီခေါ် ဓူဠောဒရ မဟောဒနှင့် ဓနပါလ သစ္စက,က အမှူဋ္ဌတွင်

ပုလင် မာတာဝ ပေါက္ခရန္နှင့် သောတာဒဿ ကုဋ္ဌဒဿာ အာဗ္ဗာဝက ခရလောမိ သုခိလောမာ ဖြပ္ပတ္ထာဗက၊ ဤသို့စသည် ရိုင်းပြကုန်စွာ သတ္တဝါကို၊ သုံးဖြာသရဏဂုံ ငါးစုံသီလ တည်စေမှလျှင် ဖြူဆွ ဟာရုး တည်ပြီးပြားလည်း ထက်ဖျားချွန်မက်,မိုလ်သို့ တက်အောင် အချက်ကျကျ နည်းစုံပြလျက် အုံးမတတ်စွာ ဤအရာကြောင့်လည်း ကောင်း။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မ သာရထိ မည်တော်မူပါပေ၏။

၇။ ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဇုတိ ဇုမိန္ဒာဝစ ကာရကျောန၊သတ္တဝါ ဟော် ယာဉ်မှူးကျော်သည်၊အဖော်နောက်ပါ လှည်းမျှားစွာကို စောရာဝါဋ္ဌ ကန္တာရမှ ခေမမြေဝှ တုတ်ကယ်ယူ သို့ ယို့တူတရှိ ခက်ခဲဘိသည် ဇာတိဇရာ မရဏာဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်းမြေဝှ ပြည်နိဗ္ဗူသို့ နှတ်လူဖြပ္ပာ များသတ္တာကို ဆောင်ကာယူရှောင်း ဤအကြောင်း ကြောင့်လည်း။ သတ္ထာဒေဝ မနုဿာနံ၊ သတ္ထာဒေဝ မနုဿာန မည်တော်မူပါပေ၏။ ။

၈။ ။သောဘဂဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဇုတိ ဇုမိန္ဒာ စကာရကျောန၊ ဝိမောက္ခန္တိက ဉာဏ်တော်ဖြင့် ငြေယုံ ငါးဖြာ ပရိညာဖြင့် ကြွင်းရာမထင် ထဲလင်းစင်အောင် သိမြင်တတ်ရှောင်း ဤအကြောင်း ကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူပါပေ၏။ ။

၉။ ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဇုတိ ဇုမိန္ဒာဝစ ကာရကျောန၊ လောဘ,ဒေါသ,မောဟ,မနသိအဟိရိက နောတ္တပ္ပနှင့် ကောဓ ဉပနာ မက္ခာ ပလာသ ဣဿာ စသည် ခြောက်လီဘဂ၊ ရေတွက်ဆကိန်း အသိန်းမက များလှကုန်စွာ ကိလေသာကို လေး ဖြာ မြိုက်မက် စိန်သံလျက်ဖြင့် ခုတ်ဖျက် ချိုးဖြတ် ဤကြောင်း ရပ် ကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူပါပေ၏။ ။

(ဒုတိယအကြိမ်)

## မှတ်ချက်များ။

အထက်အဆိုပါ ဘုရားဂုဏ်တော် ၉-ပါးကို၊ ပါဠိအနက်အဓိပ္ပာယ်ကျွက်ပြီး၊ ဥပုသ်သီလ ခံယူပြီးသောအခါ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ ရွတ်ဖတ်သရဇ္ဈာယ် ဆင်ခြင် နှလုံးသွင်းနေပါက၊ ဝါ၊ ဤနည်းဖြင့် ဥပုသ်နေ့အဖို့ကို ကုန်လွန်စေပါက။ အလွန်မြတ် အလွန်အကျိုးကြီးလှသော အရိယဥပုသ်ကြီး အစစ် ဖြစ်ပါတော့သည်။ ဥပုသ်နေ့မှာ နံနက်တင်ကြိမ်၊ နေ့လယ်တစ်ကြိမ် ညနေတစ်ကြိမ် ဆင်ခြင်မိအောင်၊ ဖတ်မိအောင် အားထုတ်ပါလေ။ ။ ပါဠိအနက်အရ မကျက်နိုင်ပါလျှင် အဆိုပါ ဂုဏ်တော်တွေကို ဤစာအုပ်၌ ပါသည့်အတိုင်း ရွတ်ဖတ်နေလျှင်လည်း၊ အရိယဥပုသ် ဖြစ်နိုင်သည်ဟု မှတ်။ ထွေရာလေးပါး အခြားစကားများကို ပြောဆိုမိခဲ့လျှင်လည်း နောက်ကပြခဲ့တဲ့အတိုင်း ကမ္မဋ္ဌာန်းတင်၍ အသုံးသတ်လေ။ အနေကျပ်အောင် လုပ်သည် မဟုတ်။ တစ်ရက်အတွက်၊ ထမင်းငတ် ထမင်းဆာ ခံရသလောက်၊ အင်ပြည့် အိုးပြည့် ကျပ်ပြည့် ဒင်ပြည့် အကျိုးများများကြီး ရစေလို၍ လည်းကောင်း၊ ရဟန်းများကဲ့သို့ နေ့,လ,နှစ် ရှိသရွေ့ သီလပါရမီကို မဆည်းပူးနိုင်ကြ၍လည်းကောင်း၊ အကုသိုလ် အညစ်အကြေးတွေကို စင်အောင် ဆေးတဲ့နေရာမှာ၊ သီလ တည်းဟူသော ရေစင်မှတစ်ပါး အခြားမရှိသောကြောင့် လည်းကောင်း။ ဥပုသ်စောင့်လျှင် အရိယဥပုသ်ဖြစ်အောင် စောင့်တတ်ဖို့ကို များစွာ ထိုက်တွန်းနှိုးဆော်လိုက်သည် ဖြစ်ကြောင်း။ ။

........△........

## ဓမ္မာနုဿတိ၊ အရိယဥပုသ် ဖြစ်စေနိုင်သော တရားဂုဏ်တော် ၆ ပါး၊ ပါဠိ။

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိ ဋ္ဌိ ကော အကာလိကော ဧဟိပဿိကော ဩပနေယျိ ကော ပစ္စတ္တံ ဝေဒိတဗ္ဗော၊ ဝိညူဟီတိ။

(ဒုတိယအကြိမ်)

## တစ်နည်း တရားဂုဏ်တော် ၆ ပါး၊ ပွားများရန် ပါဠိများ။

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော။
၂။ သန္ဒိဋ္ဌိကော ဘဂဝတာ ဓမ္မော။
၃။ အကာလိကော ဘဂဝတာ ဓမ္မော။
၄။ ဧဟိပဿိကော ဘဂဝတာ ဓမ္မော။
၅။ ဩပနေယျိကော ဘဂဝတာ ဓမ္မော။
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ဘဂဝတာ ဓမ္မော။

၁။ ။ဓမ္မော၊ ပရိယတ္တိတရားတော်ကို၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ သွာက္ခာတော၊ ထည့်လောင်းဖြည့်စွက်အပ်သော အနက် အဓိပ္ပာယ်မရှိ၊ အလုံးစုံ ပြည့်စုံဘိ၍ ကောင်းစွာ ဟောကြားတော်မူတော်သည်၏ အဖြစ်ကြောင့်၊ သွာက္ခာတဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

၂။ ။ဓမ္မော၊ ဒသကိလေ ဆယ်ခုခြွေသည် လေးတွေမဂ် အရိယာဟု မည်လေင်ရှား မြတ်တရားသည်၊ သန္ဒိဋ္ဌိကော၊ မိမိသန္တာန်၌ ရာဂ စသော ကိလေသာတို့၏ မရှိခြင်းကို ပြသဖြင့်၊ အရိယာပုဂ္ဂိုလ်သည်သူတစ်ပါးကို ယုံကြည်သောအားဖြင့် သိအပ်သည် အဖြစ်ကို ပယ်၍ ပစ္စဝေက္ခဏာ ဉာဏ်ဖြင့်သာ ကိုယ်တိုင် မတ်မတ် ရှုမြင်အပ်သည်၏ အဖြစ်ကြောင့် သန္ဒိဋ္ဌိက ဂုဏ်နှင့်လည်း ပြည့်စုံတော် မူပါပေ၏။ ။

၃။ ။ဓမ္မော၊ နိဗ္ဗာန်လိုတတ် သူတော်မြတ်တို့ ရှာအပ်လှစွာ လေးဖြာမဂ္ဂ မြတ်ဓမ္မသည်၊ အကာလိကော၊ ငါးရက်ခုနှစ် စသော ကာလကို ကုန်လွန်စေ၍ အကျိုးကို မပေး၊ မိမိ မဂ်ဖြစ်ပြီးသည်၏

(ဒုတိယအကြိမ်)

အခြားမဲ့၌သာ ဖိုလ်တည်းဟူသော အကျိုးကို ပေးတတ်သည်၏ အဖြစ်ကြောင့်၊ အကာလိက ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

၄။ ။ဓမ္မော၊ ဝဋ်နှင့် အပါယ် လွှဲဖယ်ချောင်တတ် ဆယ်ပါးသော တရားတော်မြတ်သည်၊ ဧဟိပဿိကော၊ ရှုချင်စဖွယ် လွန်တင့်တယ်သော လပြည့်ဝန်းသည် စင်ကြယ်သော မိုးကောင်းကင်ဝယ် ထင်ရှားရှိသကဲ့သို့ ပရမတ္ထအားဖြင့် ထင်ရှားရှိသည် ဖြစ်၍ မယုံလျှင် လာကြည့်လှည့်ဟု ဆိုခြင်းငှာ ထိုက်သည်၏အဖြစ်ကြောင့် ဧဟိပဿိက ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

၅။ ။ဓမ္မော၊ လေးထွေမဂ် ဖလလေးတန် နိဗ္ဗာန် ထည့်လတ်ကိုးပါးသော လောကုတ္တရာ တရားမြတ်သည်၊ ဩပနေယျိကော၊ မိမိစိတ်၌ဖြစ်စေခြင်း နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ကပ်ရောက်ခြင်းငှာ ထိုက်သည်၏ အဖြစ်ကြောင့်၊ ဩပနေယျိက ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

၆။ ။ဓမ္မော၊ မဂ်ဖိုလ်လေးတန်နိဗ္ဗာန်တွင်လတ် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ဉဂ္ဃဋိတညူစသော ပုဂ္ဂိုလ်တို့သည် သူတစ်ပါးတို့နှင့် မဆက်ဆံးမိမိသဏ္ဍာန်၌သာ အသီးအခြား၊ ငါသည် မဂ်ကို ပွားအပ်ပြီ၊ ဖိုလ်ကို ရအပ်ပြီ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီဟု သိအပ်ခံစားအပ်သည်၏ အဖြစ်ကြောင့်၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

ဤကား တရားဂုဏ်တော် ၆-ပါး အနက်တည်း။

....△....

(ဒုတိယအကြိမ်)

## သံဃာ့ပေါသထ၊ အရိယာဥပုသ်ဖြစ်စေနိုင်သော သံဃဂုဏ်တော် ၉ပါး၊ ပါဠိ။

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတောသာဝက သံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ ဧသဘဂဝတော သာဝက သံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေ ယျော အဉ္ဇလိက ရဏီယော အနုတ္တရံ ပုညက္ခေတ္တံ၊လောကဿာတိ။

## တစ်နည်း ဂုဏ်တော် ၉ပါး၊ ပွားများရန် ပါဠိများ။

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။
၃။ ဉာယပဋိပန္နော ဘဂဝတော သာဝက သံဃော။
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။
၅။ အာဟုနေယျော ဘဂဝတော သာဝက သံဃော။
၆။ ပါဟုနေယျော ဘဂဝတော သာဝက သံဃော။
၇။ ဒက္ခိဏေယျော ဘဂဝတော သာဝက သံဃော။
၈။ အဉ္ဇလိကရဏီယော ဘဂဝတော သာဝက သံဃော။
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဘဂဝတော သာဝက သံဃော။

၁။ ။ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝကသံဃော၊ ရှစ်ယောက်ရှိသော မြတ်သံဃာသည်၊သုပ္ပဋိပန္နော ဆုံးမတော်မူတိုင်း မချွတ်မယွင်း မဖောက်မပြန် မှန်စွာကျင့်တော်မူတတ်သည်၏ အဖြစ်ကြောင့်၊ သုပ္ပဋိပန္နဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

(ဒုတိယအကြိမ်)

၂။ ။ဘဂဝတော မြတ်စွာဘုရား၏၊ သာဝကသံဃော၊သည်၊ (အထက်ကအတိုင်းဆို၊ ရှေ့ကိုလည်းနည်းတူသိ) ဥဇုပ္ပဋိပန္နော၊ ကိုယ်နှုတ် စိတ်အားဖြင့် သုံးပါးသော ကောက်ခြင်းမရှိ၊ တစ်မျဉ်း ကြောင်းသို့ တိမ်းစောင်းခြင်းမရှိ၊ ဖြောင့်မတ်သောအကျင့်ရှိတော် မူသည်၏ အဖြစ်ကြောင့်၊ ဥဇုပ္ပဋိပန္န ဂုဏ်နှင့်လည်း ပြည့်စုံတော် မူပါပေ၏။ ။

၃။ ။ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝက သံဃော၊ သည်၊ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုးငှာ ကောင်းစွာအသင့် ကျင့်တော်မူတတ်သည်၏ အဖြစ်ကြောင့်၊ ဉာယပ္ပဋိပန္န ဂုဏ်နှင့် လည်း ပြည့်စုံတော်မူပါပေ၏။ ။

၄။ ။ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာဝက သံဃော၊ သည်၊ သာမီစိပ္ပဋိပန္နော၊ လာ၍ ရှေ့ဆီးခရီးဦးကြို ကြည်ညိုသင့် ပြုထိုက်သင့်အောင် ကျင့်တော်မူတတ်သည်၏ အဖြစ်ကြောင့်၊ သာမီစိပ္ပဋိပန္န ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

ယဒိဒံ ယာဒိသာနိ၊ အကြင်သို့ သဘောရှိကြကုန်သော၊ ပုရိသ ယုဂါနိ၊ ယောကျ်ားမြတ် အစုံတို့သည်။ စတ္တာရိ၊ လေးစုံတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒိဒံ တာဒိသာနိ၊ ထိုသို့သဘောရှိကုန် သော၊ ပုရိသပုဂ္ဂလာ၊ ယောကျ်ားမြတ် ဖြစ်သော ပုဂ္ဂိုလ်တို့သည်၊ အဋ္ဌ၊ မဂ်လေးယောက် ဖိုလ်လေးယောက် အားဖြင့် ရှစ်ယောက် တို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ။သေ ဧသော၊ ဤသို့ မဂ်၊ဖိုလ် တစ်စုံစီ ဖွဲ့သောအားဖြင့် လေးစုံတစ်ပါးစီ တစ်ပါးစီ အသီးအသီး ရေတွက်သောအားဖြင့်၊ ရှစ်ယောက်သဘောရှိသော။

၅။ ။ဘဂဝတော၊ မြတ်စွာဘုရား၏၊ သာ ဝ က သံ ဃော၊ သည်၊ အာဟုနေယျော၊ ဝေးရာဌာန အရပ်ကပင် လုံ့လသည်းထူ

ဆောင်ကာယူ၍ ပေးလှူခွန့်အပ် ပစ္စည်းရင်ကို ကျိုးနပ်စိမ့်မည် ကျင့်ဆောက် တည်၍ ပွားစည် ညွှန့်သန် ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့် အာဟုနေယျ ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

၆။ ။ပါဟုနေယျော၊ ရှစ်ပ ါးဒိသာ ရပ်မျက်နှာမှ လာကြရှေ့ရှု၊ ချစ်သည့်သူ့အား ရည်မှတ်ထားသည် ထွေပြားစီရင် ပစ္စည်းအင်ကို ချစ်ခင်ဖွယ်ရာ မြတ်ဂုဏ်ဝါဖြင့် ချမ်းသာညွှန့်သန် ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်၊ ပါဟုနေယျ ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

၇။ ။ဒက္ခိဏေယျော၊ ကျိုးဆက် ညွှန့်ရှည် ပွားအံ့သည်ဟု ယုံကြည်လေးမြတ် လှူဒါန်းအပ်သော လေးရပ်ဝတ္ထု ပစ္စည်းစုကို လှူလှူစိတ်သန် ရည်တိုင်း မှန်အောင် ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်၊ ဒက္ခိဏေယျ ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

၈။ ။အဉ္စလိကရဏီယော၊ ကောင်းကျိုးရှေးရှု လိုသောသူတို့ ကြည်ဖြူ နှစ်သက် လက်စုံယှက်၍ ဝတ်လျက်ညွှတ်ကျိုး ရှိခိုးခြင်းငှာ ထိုက်သည်၏ အဖြစ်ကြောင့်၊ အဉ္စလိကရဏီယ ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

၉။ ။လောကဿ၊ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်း၏၊ အနုတ္တရံ၊ ပြိုင်ရှုန်းထိုက်ဘိ တုမရှိသော၊ ပုညခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်မျိုးရာလယ်ယာမြေကောင်းသဖွယ် ဖြစ်သည်၏ အဖြစ်ကြောင့် ပုညခေတ္တ ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ ။

ဤကား အနက်တည်း။

(ဒုတိယအကြိမ်)

## မှတ်ချက်များ။

ယခု ရေးခဲ့ပြီးသော၊ ဂုဏ်တော် ၃-ပါးကို အရကျက်၍ တစ်သက်လုံး ဘုရားရှိခိုးစာ ပြုလုပ်လိုပါလျှင်။ အောက်၌ ပါရှိသည့်အတိုင်း ဆက်လက်၍ ဘုရားရှိခိုးစာ ပြုလုပ်ပါလေ။ ။ဂုဏ်တော်များ၏အဆုံး၌ ဆက်၍ဆိုပါ။ ။

### (၁) ဘုရားဂုဏ်တော်နှင့် ဆက်လက်ရန်။

ဣတိ၊ ဤသို့၊ အရဟတာဒိဂုဏ ဂဏာဓေယျံ၊ အရဟတာ အစ,လာလျက် ကိုးဖြာအုပ်ဆောင်း ဂုဏ်တော်ပေါင်း၏ တည်ရာကြောင်း ဖြစ်တော်မူသော၊ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ အဟံ၊ ရုပ်နာမ်နှစ်ပ သမူဟကို အတ္တ ခေါ်ဆို ကိုယ်ဟုသမုတ် အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ကာယဝစီ မနော ချီ၍ သုံးလီညွတ်ကျိုး ထိပ်ပါးမျိုးဖြင့် ရှိခိုးပါ၏ဘုရား။ ။ဤအတိုင်းဆက်လက်၍ ဘုရားရှိခိုးပါလေ။ ။

### (၂) တရားဂုဏ်တော်နှင့် ဆက်လက်ရန်။

ဣတိ၊ ဤသို့၊ သွာက္ခာတတာဒိ ဂုဏောပေတံ၊ သွာက္ခာတတာ စသော ဂုဏ်တော် ၆-ပါးတို့နှင့်၊ သမ္ပန္နံ၊ ပြည့်စုံတော်မူသော ဓမ္မံ၊ တရားတော်မြတ်ကို အဟံ၊ သည်၊ ဝန္ဒာမိ၊ ဘုရား။ ။(အထက်အတိုင်းဆို)

### (၃) သံဃာဂုဏ်တော်နှင့် ဆက်လက်ရန်။

ဣတိ၊ ဤသို့၊ သုပ္ပဋိပန္နတာဒီပိ၊ သုပ္ပဋိပန္နတာ အစရှိသော.... ဂုဏ်တော် ၉-ပါးတို့နှင့်၊ သမ္ပန္နံ၊ ပြည့်စုံတော်မူသော၊ သံဃံ၊ ရှစ်ယောက် အရိယာ မြတ်သံဃာကို၊ အဟံ၊ သည်၊ ဝန္ဒာမိ၊ ဘုရား။ ။

ထိုမှတစ်ပါး ကြွင်းသော သီလူပေါသထ အရိယဥပုသ်၊ ဒေဝဒူပေါသထ အရိယ ဥပုသ်တို့မှာ နောက်ကပြဆိုခဲ့သည်အတိုင်း သိပါလေ။ ။

(ဒုတိယအကြိမ်)

## သီလ ၄ ပါး။

၁။ ဟာန ဘာဂိယ သီလ။

၂။ ဌိတိ ဘာဂိယ သီလ။

၃။ ဝိသေသ ဘာဂိယ သီလ။

၄။ နိဗ္ဗေဒ ဘာဂိယ သီလ။

ဟူ၍ လေးပါး အပြားရှိသော ဝိသုဒ္ဓိမဂ်၌ ပြသော သီလများကိုလည်း သိလေဦး။ သိပြီးလျှင်၊ ယုတ်သော သီလမျိုးကို ပယ်၍ မြတ်သောသီလမျိုးကိုသာ ရွေးချယ်၍ လေ့ကျင့်လေဦး။

ထိုတွင်....

၁။ ဟာန ဘာဂိယ သီလဆိုသည်မှာ၊ အကြင်သူသည် သီလကို ခံယူဆောက်တည်ပြီးလျှင်၊ သီလမရှိသော ပုဂ္ဂိုလ်ကိုသာ မှီဝဲ၏။ သီလရှိသောပုဂ္ဂိုလ်ကို မမှီဝဲ။ ဝတ္ထုကို လွန်ကျူးခြင်း၌ အပြစ်ကို မမြင်။ မှားသော အကြံအစည် များ၏။ စက္ခု၊ စသော ဣန္ဒြေကို မစောင့်၊ ထိုသူ၏ သီလကို ယုတ်သောအဖို့ ရှိသောကြောင့် ဟာန ဘာဂိယသီလ ဆိုသည် မှတ်။

၂။ ဌိတိ ဘာဂိယသီလဆိုသည်မှာ၊ အကြင်သူသည် သီလကို ခံယူဆောက်တည်ပြီးလျှင်၊ ထိုသီလဖြင့်သာ အားရနှစ်သက် ရောင့်ရဲ တင်းတိမ်၍ နေ၏။ တစ်စုံတစ်ခုသော ကမ္မဋ္ဌာန်းကိုမျှ မစီးဖြန်း၊ ထိုသူ၏ သီလကို၊ သီလမျှဖြင့်သာ တည်သောကြောင့် ဌိတိ ဘာဂိယ သီလ ဆိုသည်မှတ်။

၃။ ။ဝိသေသ ဘာဂိယသီလ ဆိုသည်မှာ၊ အကြင်သူသည် သီလကို ခံယူပြီးလျှင်၊ သီလမျှနှင့် မရောင့်ရဲ အားမရ၊ ကမ္မဋ္ဌာန်းတစ်ခုခုကို စီးဖြန်း၍နေ၏။ ထိုသူ၏ သီလကို ထူးသောအဖို့ ရှိသောကြောင့် ဝိသေသ ဘာဂိယ သီလ ဆိုသည်မှတ်။

(ဒုတိယအကြိမ်)

၄။ ။နိစ္စဒ ဘာဂိယ သီလ ဆိုသည်မှာ၊ အကြင်သူသည် သီလကိုခံယူပြီးလျှင်၊ အပေါင်းအဖော်မှ ခွာ၍ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ပြီးလျှင် တေဘူမက အာရုံဖြစ်သော မိမိ၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို လက္ခဏာရေး သုံးပါးသို့ တင်၍ ဆင်ခြင်နှလုံးသွင်းနေ၏။ ထိုသူ၏ သီလကို ရုပ်နာမ်ခန္ဓာတို့၌ တပ်ခြင်းတဏှာဆန္ဒရာဂကို ခွာ၍ ငြိမ်းအေးသောအမှု ရှိသောကြောင့် နိစ္စဒ ဘာဂိယ သီလ ဆိုသည်မှတ်။ ။ဤသီလသည်ပင် အမြတ်ဆုံးသီလ ဖြစ်၏။ မဂ်ဖိုလ်နှင့် အလွန်နီးကပ်သော သီလ ဖြစ်၏ မှတ်။ ။

## မှတ်ချက်များ။

ထိုတွင်၊ သမထ ကမ္မဋ္ဌာန်း ၄၀-တို့တွင်၊ တစ်ပါးပါးကို ပွားများနေလျှင်၊ ဝိသေသ ဘာဂိယ သီလ ဖြစ်၏။ ဝိပဿနာ ကမ္မဋ္ဌာန်းဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့တွင် တစ်ပါးပါးကို လက္ခဏာ ရေးတင်၍ ဆင်ခြင်လျှင် နိစ္စဒ ဘာဂိယ သီလ ဖြစ်၏မှတ်။ ဤကား အထူးတည်း။ ။

## သမထ ကမ္မဋ္ဌာန်း။

ဝိသေသ ဘာဂိယ သီလ ဖြစ်စေနိုင်သော သမထ ကမ္မဋ္ဌာန်း ၄၀-ဆိုသည်မှာ၊ ကသိုဏ်း ၁၀-ပါး။ အသုဘ ၁၀-ပါး။ အနုဿတိ ၁၀-ပါး။ ဗြဟ္မဝိဟာရ ၄-ပါး။ ဧကသညာ-ဧကဝဝတ္ထာန် ၂-ပါး။ အာရုပ္ပ ၄-ပါး။ ၎င်းတို့ ဖြစ်လေသည်။ စီးဖြန်းပုံကို သိလိုလျှင် ဝိသုဒ္ဓိမဂ်မှာ ဖြစ်စေ၊ ငါတို့ရေးသော (ပဋိပတ္တိကမ္မ) ပကာသနီကျမ်းမှာဖြစ်စေ ကြည့်ပါလေ။ ။

## ဝိပဿနာ ကမ္မဋ္ဌာန်း။

နိစ္စဒ ဘာဂိယ သီလ ဖြစ်စေနိုင်သော ဝိပဿနာ ကမ္မဋ္ဌာန်း ဆိုသည်မှာ၊ ဝိပဿနာ၏ အာရုံမဟုတ်သော မဂ် ဖိုလ် နိဗ္ဗာန်နှ

အနိစ္စ ဓမ္မတို့ကို ချွင်းခြီ၍ ကြွင်းကျန်သော တောဘုမ္မက သင်္ခါရနှင့် တကွ၊ ရုပ်နာမ်ခန္ဓာ စသည်တို့ကို လက္ခဏာရေး တင်၍ ဆင်ခြင်ခြင်းကို ဆိုသည်။ ၎င်းစီးဖြန်းနည်းကိုလည်း အဆိုပါ ကျမ်းများ၌ပင်ပါရှိပြီး ဖြစ်သော်လည်း ဤ၌ အမြွက်မျှ ပြဆိုဦးအံ့။ ။

## တစ်ခလောကလုံးမှာ ရုပ်နာမ် ၂-ပါးသာ။

နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော။ ။စသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်အညီ၊ တစ်လောကလုံးမှာ အဟုတ်ရှိ,အမှန်ရှိ,တကယ်ရှိကို ဝိပဿနာမျက်စိနှင့် ပြူးပြူးဖိုက်၍ ကြည့်လိုက်သောအခါ၊ သူ,ငါ ယောကျ်ားမိန်းမ စသည်ကို၊ မမြင်ရတော့ပဲ ရုပ်နာမ်နှစ်ပါးကိုသာ မြင်ရတော့၏။ ။

## မသိတာရုပ် သိတာနာမ်။

သူ,ငါ,ကျား,မ စသည်ဖြင့် ခေါ်ဆိုကြသော သူတို့၏ ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးကြီးမှာ၊ ကောင်းသိ,ဆိုးသိ ဘာတစ်ခုကိုမှ မသိတတ်သောကြောင့်၊ မသိတတ်တဲ့ အစုကြီးကို တစ်စု ခွဲထား၊ ကောင်းသိဆိုးသိ သိစရာရှိသမျှကို သိမ်းကြုံး၍ သိနိုင်တဲ့ စိတ်ခေါ်သော သိတတ်တဲ့အစုကြီးကို တစ်စုခွဲထား၊ တစ်ကိုယ်ကောင်လုံးမှာ ၂-စု ခွဲလိုက်တော့၊ မသိတာ တစ်စု၊ သိတာ တစ်စု ဒီနှစ်စုပဲရှိတယ်။ ထို ၂-စုထဲက၊ ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံး မသိစုကြီးကို၊ ရုပ်,ရုပ်,ရုပ်,ဟု၊ တိုတိုလွယ်လွယ် ပိုင်းခြားမှတ်သားထား။ ထိုရုပ်စုကြီးကို မှီ၍ ဖြစ်သော သိစရာရှိသမျှကို သိမ်းရုံး၍ သိတတ်သော စိတ်ခေါ်သော အသိစုကို နာမ်,နာမ်,နာမ်,ဟု၊ တိုတိုလွယ်လွယ် ပိုင်းခြားမှတ်သားထား။ ထိုရုပ်နာမ်နှစ်ပါးထဲက၊ ရုပ်လည်း သူ ငါ ကျား မ စသည် မဟုတ်။ နာမ်လည်း သူ ငါ ကျား မ စသည် မဟုတ်။ ရုပ်

(ဒုတိယအကြိမ်)

နာမ်မှ အလွတ်လည်း၊ ဝါ၊ ရုပ် နာမ်က လွဲ၍ သူငါ ကျား မ စသည့် ခေါ်စရာ လုံးဝမရှိ။ ပရမတ်ဖြစ်သော ရုပ် နာမ် ၂—ပါး အပေါင်းအစုကိုသာ ပညတ်အားဖြင့်၊ သူ ငါ စသည် ခေါ်ဆိုကြရလေသည်။ အဟုတ် သူ ငါ စသည်ရှိ၍ ခေါ်ဆိုသည် မဟုတ်ဟု သိပါလေ။ ။

## ပညတ် ပရမတ်။

သူ ငါ ကျား မ စသည်ဖြင့် ခေါ်ဆိုကြသော အမည်နာမည် ဟူသမျှကို၊ ပညတ်-ပညတ်-ပညတ်။ အဟုတ်မရှိ၊ ခေါ်ရုံသာရှိ၏ဟု မှတ်ထား။ အဟုတ်ရှိ တကယ်ရှိ အမှန်ရှိ ရုပ်နာမ်ကို၊ ပရမတ်-ပရမတ်-ပရမတ်။ ဟု မှတ်ထား။ ဤလို ပညတ်, ပရမတ် ကွဲသောအခါ၊ ရုပ်နာမ်တို့၏ ဖြစ်ကြောင်းကို ရှုလေဦး။

## ရုပ်နာမ် တို့၏ ဖြစ်ကြောင်း။

ထိုရုပ်နာမ်မှာ၊ လွန်ခဲ့သောဘဝက၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ၊ ယခု ပဋိသန္ဓေဘဝ၌၊ အာဟာရ၊ ဤအကြောင်း ငါးပါးကြောင့်သာ၊ ဖြစ်ပေါ်လာ၏။ ဝိဿနိုး ဗြဟ္မာ ထာဝရဘုရား စသည် ဖန်ဆင်း၍ ဖြစ်သည် မဟုတ်ဟု သန္နိဋ္ဌာန် ချ မှတ် ပါလေ။ သို့ကြောင့်၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ, ဤငါးပါးကို အကြောင်းတရား အကြောင်းဟု မှတ်။ ရုပ်နာမ်ကိုကား။ ထိုငါးပါး ကြောင့် ဖြစ်ပေါ်လာသော၊ အကျိုးတရား ဟု မှတ်ပါလေ။ ။

## လက္ခဏာရေး သုံးပါး။

အဆိုပါအကြောင်းကြောင့် ဖြစ်သော၊ အကျိုးတရား ရုပ်နာမ်တို့သည်၊ ပဋိသန္ဓေမှ စုတိကျအောင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်

ခန့်မျှ နှားရပ်ခြင်း မရှိ။ ဥပါဒ်ဌီဘင် အစဥ်မပြတ်၊ စပ်ကာ စင်ကာ၊ ထပ်ကာထပ်ကာ၊ ရေအယဉ်ကဲ့သို့ လည်းကောင်း၊ ဆီမီးလျှံကဲ့သို့ လည်းကောင်း၊ ဖြစ်၍ဖြစ်၍ ပျက်ကြလေသောကြောင့်၊ အမြဲမရှိသော အချက်ကို အနိစ္စ၊ ဤလို ဖြစ်ခြင်းပျက်ခြင်း အလျှင်းမပြတ် နှိပ်စက်အပ်သည်ဖြစ်၍၊ ချမ်းသာမရ၊ ဆင်းရဲလှသောအချက်ကို ဒုက္ခ။ ဖြစ်ပေါ်လာပြီးသော ရုပ်တရား နာမ်တရားတို့ကို တင်ဖန် မချုပ်မပျောက် မပျက်မစီးစေရန်၊ မည်သူ တစ်စုံတစ်ယောက်မျှ အစိုးမရ အလိုသို့ မလိုက်စေနိုင် မိမိအကြိုက်သို့ မပါစေနိုင်သော အချက်ကို အနတ္တဟု လက္ခဏာရေး သုံးပါးသို့ တင်၍ ကြိမ်ဖန်များစွာ အခါခါ ဆင်ခြင်ပွားများသည်ကိုပင်၊ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသည်ဟု ဆိုရသည်သာမကဲ၊ နိဗ္ဗာန် ဘာဂိယ သီလ အစစ်ကြီးလည်း ဖြစ်သေး၏ဟု မှတ်ပါလေ၊ ထိုကြောင့် -- မိမိခန္ဓာ၌၊ ဉာဏ်စိုက်၍၊ မမြဲမှု ဆင်းရဲမှု အစိုးမရမှု အနိစ္စမျိုး ဒုက္ခမျိုး အနတ္တမျိုး လှလှ ထင်အောင် ခန္ဓာအတွင်းသို့ လက္ခဏာဉာဏ် သွင်းပေးပါလေ။ ။

## ပေါလောကြီး။

အဆိုပါ ရုပ်နာမ်တို့၏ ပဋိသန္ဓေမှ စုတိကျအောင်၊ တစ်ဘဝလုံး တအုံးအုံး ဖြစ်၍ တဖြုန်းဖြုန်း ပျက် ကြလေသော ကြောင့်၊ ကောင်းကင်၌ လျှပ်ပြက်သကဲ့သို့၊ လျှင်စွာလျှင်စွာ ဖြစ်၍၊ လျှင်စွာ လျှင်စွာ ပျက်လေ ပျောက်လေ ချုပ်လေသဖြင့်၊ အကြောင်းညီညွတ်မှုကို စွဲ၍၊ ဖြစ်ပြီးလျှင်၊ ဖြစ်တိုင်းမတည်၊ ပျက်စီးလေသော အနိစ္စအချက်၊ ဆင်းရဲနှိပ်စက်တတ်သော ဒုက္ခအချက်။ အစိုးမရ အလိုသို့ မလိုက် အကြိုက်သို့မပါတတ်သော အနတ္တအချက်တို့ကို၊ ပေါလောကြီး ဖွားဖွားကြီး မထင် ထင်အောင်၊ မမြင် မြင်အောင် ဆင်ခြင်နှလုံးသွင်းပြီးလျှင်၊ အောက်ပါအတိုင်း စီးဖြန်းပါလေ။ ။

(ဒုတိယအကြိမ်)

## ရုပ် နာမ် ၂ပါးကို လက္ခဏာရေးတင်ပုံ။

၁။ ။နာမံ အနိစ္စံ၊ နာမံ ဒုက္ခံ၊ နာမံ အနတ္တာ။ ဤလို ကြိမ်ဖန်များစွာ စီးဖြန်းပါလေ။ ။(ဤကား နာမ်သက်သက်)

၂၊ ။ရူပံ အနိစ္စံ၊ ရူပံ ဒုက္ခံ၊ ရူပံ အနတ္တာ။ ဤလို ကြိမ်ဖန်များစွာ စီးဖြန်းလေ။ ။(ဤကား ရုပ်သက်သက်)]

၃။ ။နာမရူပံ အနိစ္စံ၊ နာမရူပံ ဒုက္ခံ၊ နာမရူပံ အနတ္တာ။ ဤလို ကြိမ်ဖန်များစွာ စီးဖြန်းလေ။ ။(ဤကား နာမ်ရုပ် ၂-ပါး)

(အကျယ်ကိုလိုက-ပဋိပတ္တိကမ္မ မှာ ကြည့်)

## ခန္ဓာ ငါးပါး။

ခန္ဓာငါးပါး ဆိုသည်မှာ၊ အထူးမဟုတ်၊ အဆိုပါ ရုပ် နာမ် ၂--ပါးကို ငါးပုံ ခွဲသည်ကို၊ ခန္ဓာငါးပါး ဆိုသည်မှတ်။ ခွဲ ပုံ ကို အောက်၌ သိလေ။

## ငါးပုံခွဲ။

ရုပ်ကို ရူပက္ခန္ဓာ ဟု တစ်ပုံခွဲလေ။

နာမ်ကို ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟု လေးပုံခွဲလေ။ (၂-ပါးပေါင်း ခန္ဓာ ငါးပါး ဖြစ်၏)

၁။ ရူပက္ခန္ဓာ တစ်ပါး။
၂။ ဝေဒနက္ခန္ဓာ တစ်ပါး။
၃။ သညက္ခန္ဓာ တစ်ပါး။
၄။ သင်္ခါရက္ခန္ဓာ တစ်ပါး။
၅။ ဝိညာဏက္ခန္ဓာ တစ်ပါး။

ဤ ခန္ဓာငါးပါးကိုပင်၊ ပညတ်အားဖြင့်၊ လူ ယောက်ျား မိန်းမ မောင်ဖြူ မမဲ့ စသည် ဆိုရသည်၊ ဆိုတိုင်း တကယ် မှတ်ထင်မနေ

နှင့်၊ ဒိဋ္ဌိဖြစ်တတ်သည်။ အဆိုပါ ခန္ဓာငါးပါးကို နုတ်ပယ်ထားပါ လျှင် လူ ကျား မ မောင်ဖြူ မမဲ လို ခေါ်စရာ မရှိတော့ပြီ။ ဤ ခန္ဓာငါးပါး အပေါင်းစုကိုသာ၊ ပညတ်အားဖြင့် သူ ငါ စသည် ဆိုရသည်ဟု သိလေ။ ။

## မှတ်ချက်များ

၁။ ရုပ် ၂၈–ခုကို ရူပက္ခန္ဓာဆိုသည်မှတ်။
၂။ ဝေဒနာစေတသိက်ကို ဝေဒနက္ခန္ဓာဆိုသည်မှတ်။
၃။ သညာစေတသိက်ကို သညက္ခန္ဓာဆိုသည်မှတ်။
၄။ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ၅၀–ကို၊ သင်္ခါရက္ခန္ဓာမှတ်။
၅။ စိတ်တစ်ခု ယုတ် ၉၀–ကို ဝိညာဏက္ခန္ဓာ ဆိုသည်မှတ်။

## စိတ်စေတသိက် ရုပ်

ဤခန္ဓာငါးပါးလည်း အထူးမဟုတ်၊ နိဗ္ဗာန်ကို ချန်လှပ်၍ လောကီစိတ် စေတသိက် ရုပ်၊ ပရမတ် ၃– ပါးပင် ဖြစ်သည်ဟု မှတ်။

## သူ ငါ မရှိ

ပညတ် မျက်စိနှင့်ကြည့်လျှင်၊ သူ ငါ စသည်သည် အဟုတ်ရှိ သလို ထင်ရသော်လည်း၊ ပရမတ်မျက်စိနှင့် ကြည့်သောအခါ၊ သူ ငါ စသည် အဟုတ်မရှိတော့ဘဲ၊ အဆိုပါ ခန္ဓာငါးပါး ပရမတ္ထ တရားကိုသာ မြင်ရတော့၏။ အနည်းငယ် ထင်ရှားစေဦးအံ့။

(ဒုတိယအကြိမ်)

## ပရမတ်သာ ဟုတ်၏

အဆိုပါ ခန္ဓာငါးပါးတို့တွင်၊ ရူပက္ခန္ဓာ လည်း သူ ငါ စသည် မဟုတ်။ ရုပ် ၂၈–ပါး၊ ပရမတ္ထတရား၊ ချမ်း ပူ စသော အကြောင်း နှင့် ပေါင်းဆုံမိသောအခါ ဖောက်ပြန်ခြင်း လက္ခဏာရှိသော၊ ရုပ် ကို ပရမတ်သာ ဟုတ်၏။ ။

ဝေဒနက္ခန္ဓာလည်း သူ ငါ စသည် မဟုတ်၊ အာရုံ၏ အရသာကို တာဝန်ယူ၍၊ ခံစားစရာ ရှိသမျှကို ခံစားခြင်း လက္ခဏာရှိသော ဝေဒနာ ပရမတ်သာ ဟုတ်၏။ ။

သညက္ခန္ဓာလည်း၊ သူ ငါ စသည်မဟုတ်၊ အာရုံ၏ သဘောကို တာဝန်ယူ၍ မှတ်စရာရှိသမျှကို မှတ်ခြင်း လက္ခဏာရှိသော သညာ ပရမတ်သာ ဟုတ်၏။ ။

သင်္ခါရက္ခန္ဓာလည်း၊ သူ ငါ စသည်မဟုတ်၊ လှုံ့ဆော် တိုက်တွန်းခြင်း ပြုပြင်ခြင်း လက္ခဏာရှိသော သင်္ခါရ ပရမတ်သာ ဟုတ်၏။ ။

ဝိညာဏက္ခန္ဓာလည်း၊ သူ ငါ စသည်မဟုတ်၊ ကောင်းသို့ ဆိုးသို့၊ သိစရာရှိသမျှကို တာဝန်ယူ၍ သိခြင်းလက္ခဏာရှိသော အသိဝိညာဏ် ပရမတ်သာ ဟုတ်၏။ ။

## ပရမတ်ကိုသာ

ဤခန္ဓာငါးပါးကိုလွတ်၍လည်း၊ သူ ငါ ကျား မ စသည် ခေါ်ဆို စရာ လုံးဝမရှိ။ သို့ကြောင့် ခန္ဓာ ငါးပါး ပရမတ္ထ တရားအပေါင်း စုကြီးကိုသာ၊ ပညတ်အားဖြင့်၊ သူ ငါ ဆိုကြရသည်၊ အဟုတ်ရှိ၍ ဆိုသည် မဟုတ်ဟု ပညတ်မြင် ပညတ်သိ၊ မိစ္ဆာဒိဋ္ဌိ အမှားသို့ သက္ကာယဒိဋ္ဌိ ကို ခွာ၍၊ ပရမတ်မြင် ပရမတ်သိ၊ သမ္မာဒိဋ္ဌိ အမှန် သိသို့ပေါက်အောင် ရောက်အောင် သိပါလေ။ သို့မှ လူဖြစ်ကျိုး နပ်မည်။ ။

........❀........

(ဒုတိယအကြိမ်)

## ခန္ဓာငါးပါးကို လက္ခဏာရေးတင်၍ ဆင်ခြင်ပုံ

၁။ ။ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ၊ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန။ ။

၂။ ။ဝေဒနာ အတီတာနာဂတ ပစ္စုပ္ပန္နံ။ အနိစ္စံ ခယဋ္ဌေန ဒုက္ခံဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန။ ။

၃။ ။သညာ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန။ ။

၄။ ။သင်္ခါရာ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန။ အနတ္တာ အသာရကဋ္ဌေန။ ။

၅။ ။ဝိညာဏံ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အနိစ္စံ ခယ-ဋ္ဌေန။ ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန။ ။

## နမူနာမျှ အနက်ပြု

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်သော ဘဝတို့၌ ဖြစ်သော။ ရူပံ၊ ရူပက္ခန္ဓာ သည်။ ဝါရုပ်စု ရုပ်ပုံသည်၊ ခယဋ္ဌေန၊ ဘွားခနဲဖြစ် ဖြုတ်ကနဲချုပ် ဇုတ်ဇုတ်ကုန်ပျောက်တတ်သော သဘောကြောင့်၊ အနိစ္စံ၊ ဖြစ်ပြီး၍မရှိ ပျောက်လေတိမ်၍ မမြဲသောကြောင့် အနိစ္စမည်၏။ ဘယဋ္ဌေန၊ ဖြစ်ခြင်း ပျက်ခြင်း အလျှင်းမပြတ် နှိပ်စက်အပ်သည် ဖြစ်၍ နှစ်သက်သာရာဘွယ် လုံးဝမရှိ။ ကြောက်ဖွယ်၊ လန့်ဖွယ် ဘေးအတိသာ ဖြစ်သော သဘောကြောင့်၊ ဒုက္ခံ ၊ ချမ်းသာမရ ဆင်းရဲလှ၍ ဒုက္ခမည်၏။ အသာရကဋ္ဌေန၊ မြဲသောအနှစ် ချမ်းသာသော အနှစ် အစိုးရသော အနှစ် တင့်တယ်သောအနှစ်မှ လုံးဝမရှိသော သဘောကြောင့်၊ အနတ္တာ၊ အစိုးမရ၊ မိမိအလိုသို့ အနည်းငယ်မျှမလိုက်၊ မိမိအကြိုက်သို့ အနည်းငယ်မျှ မပါတတ်သောသဘောကြောင့် အနတ္တမည်၏။

(ကျန် ခန္ဓာများအတွက် အနက်လွယ်ပြီ။)

(ဒုတိယအကြိမ်)

တစ်နည်း။ ။ဖေဿာ ဝိဇ္ဇာပမေ ရူပံ ဝေဒနာ ဗုဗ္ဗုဠူပမာ၊ မရီစိပမာသညာ၊ သင်္ခါရာကဒလူပမာ၊ မာယူပမဉ္စ ဝိညာဏံ ဒေသိတာ ဒိစ္စ ဗန္ဓုနာ။ ။

ဆိုတဲ့ သမ္မောနှင့် အညီ ရုပ်က ရေမြှုပ်နှင့် တူသတဲ့၊ ဝေဒနာက ရေပွက်နှင့် တူသတဲ့။ သညာက တံလျှပ်နှင့် တူသတဲ့၊ သင်္ခါရက ငှက်ပျောတုံးနှင့် တူသတဲ့၊ ဝိညာဏ်က မျက်လှည့်သမားနှင့် တူသတဲ့။ ဤလို တူပုံဥပမာ ငါးမျိုးကို မှတ်သားပြီးလျှင် လင်္ကာ ရေးတင်၍ ဆင်ခြင်ရန် ဆောင်ပုဒ်များ။ ။

၁။ ။ရူပံ ဤရုပ် ရေမြှုပ်ပမာ၊ အနိစ္စပဲ မလွဲမှန်စွာ။
မကောင်းဘဲမို့ ဆင်းရဲဒုက္ခာ၊ အနတ္တာ မှတ်ကြ ကေန်သာ။ ။
၂။ ။ဝေဒနာစက် ရေပွက်ပမာ၊ အနိစ္စပဲ မလွဲမှန်စွာ။
မကောင်းဘဲမို့ ဆင်းရဲဒုက္ခာ၊ အနတ္တာ မှတ်ကြ ကေန်သာ၊ ။
၃။ ။သညာနာမ်ဓာတ် တံလျှပ်ပမာ၊ အနိစ္စပဲ မလွဲမှန်စွာ။
မကောင်းဘဲမို့ ဆင်းရဲဒုက္ခာ၊ အနတ္တာ မှတ်ကြကေန်သာ။ ။
၄။ ။သင်္ခါရကျွော ငှက်ပျောပမာ၊ အနိစ္စပဲ မလွဲမှန်စွာ။ ။
မကောင်းဘဲမို့ ဆင်းရဲဒုက္ခာ၊ အနတ္တာ မှတ်ကြ ကေန်သာ။
၅။ ။ဝိညာဏ်လက်ဇော့ မျက်လှည့်ပမာ၊ အနိစ္စပဲ မလွဲမှန်စွာ
မကောင်းဘဲမို့ ဆင်းရဲဒုက္ခာ၊ အနတ္တာ မှတ်ကြ ကေန်သာ။ ။

## ဒွါရခြောက်ပါး ရှုပွားရန်

တစ်နည်း။ ။စက္ခုဉ္စပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တံအနိစ္စံ ဒုက္ခာ အနတ္တာ။ ဆိုသည်နှင့် အညီ မျက်စိနှင့် အဆင်းပေါင်းဆုံမိကြတဲ့အခါ၊ မြင်သိမှု စက္ခုဝိညာဏ် ဖြစ်ပေါ်လာသည်။ ထိုအခါ မြင်တတ်သော သူ ငါကား ထင်ရှားမရှိ၊ နာမ်ရုပ်ဖြစ်ပျက်တို့သာ ဟုရှု။

(ဒုတိယအကြိမ်)

၁။ ။မျက်စိအဆင်း ပေါင်းမိခြင်းကြောင့်၊ မြင်မှုတံတံ ဖြစ်ပေါ်ပြန် ကောန် ငါမဟုတ် နာမ်နှင့် ရုပ်၊ မုချ ဖြစ်ပျက်ရှု။

၂။ ။နား သံနှစ်ခု ပေါင်းဆုံမှုကြောင့် ကြားမှုတံတံ ဖြစ်ပေါ်ပြန် ကောန် ငါမဟုတ်၊ နာမ်နှင့်ရုပ်၊ မုချ ဖြစ်ပျက်ရှု။

၃။ ။နှာနံ့ နှစ်ခု ပေါင်းဆုံမှုကြောင့် နံမှုတံတံ ဖြစ်ပေါ်ပြန် ကောန် ငါမဟုတ်၊ နာမ် နှင့် ရုပ်၊ မုချ ဖြစ်ပျက်ရှု။

၄။ ။လျှာ ရသ နှစ်ခု ပေါင်းဆုံမှုကြောင့် စားမှုတံတံ ဖြစ်ပေါ်ပြန် ကောန် ငါ မဟုတ်၊ နာမ် နှင့် ရုပ်၊ မုချ ဖြစ်ပျက်ရှု။

၅။ ။ကိုယ်တွေ့ နှစ်ခု ပေါင်းဆုံမှုကြောင့် ထိမှုတံတံ ဖြစ်ပေါ်ပြန် ကောန် ငါမဟုတ်၊ နာမ် နှင့် ရုပ်၊ မုချ ဖြစ်ပျက်ရှု။

၆။ ။ဓမ္မ နှစ်ခု ပေါင်းဆုံမှုကြောင့်၊ သိမှုတံတံ ဖြစ်ပေါ်ပြန် ကောန် ငါမဟုတ်၊ နာမ် နှင့် ရုပ်၊ မုချ ဖြစ်ပျက်ရှု။

## တစ်နည်း စီးဖြန်းပုံ

၁။ ရူပံ အနိစ္စံ၊ ရူပံ ဒုက္ခံ၊ ရူပံ အနတ္တာ။

၂။ ဝေဒနာအနိစ္စာ ဝေဒနာဒုက္ခာ ဝေဒနာအနတ္တာ။

၃။ သညာ အနိစ္စာ၊ သညာ ဒုက္ခာ သညာ အနတ္တာ။

၄။ သင်္ခါရာ အနိစ္စာ သင်္ခါရာဒုက္ခာ သင်္ခါရာအနတ္တာ။

၅။ ဝိညာဏံအနိစ္စံ ဝိညာဏံဒုက္ခံ ဝိညာဏံအနတ္တာ။

## တစ်နည်းစီးဖြန်းပုံ

ပဉ္စက္ခန္ဓာ အနိစ္စာ ပဉ္စက္ခန္ဓာ ဒုက္ခာ ပဉ္စက္ခန္ဓာ အနတ္တာ။

(ဒုတိယအကြိမ်)

## ၃။ အမေး၌

ဥပေါသထံဝုစ္စတိ အဋ္ဌင်္ဂသမန္နာဂတံ သမ္ဗုဒ္ဓိဝသေသု ရက္ခိတဗ္ဗသီလံ။ ။

အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော၊ သမ္ဗုဒ္ဓိဝသေသု၊ ဘယ်နေ့ ဘယ်ရက်တို့၌သာ ဥပုသ်စောင့်ကောင်း၏၊ ဘယ်နေ့ ဘယ်ရက်တို့၌ ဥပုသ်မစောင့်ကောင်းဟု၊ ပါဠိ အဋ္ဌကထာဋီကာတို့၌ အမိန့်အဆို အလာမရှိ ခပ်သိမ်းသော နေ့ရက်တို့၌၊ ရက္ခိတဗ္ဗသီလံ၊ စောင့်ထိန်းအပ်သော သီလကို၊ ဥပေါသထံ၊ ဥပုသ်သီလဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ။

ဤလို သုတ်မဟာဝါ ဋီကာ စသည်တို့၌ လာသောကြောင့်၊ ဥပုသ် မစောင့်ကောင်းသော နေ့ရက် ဟူ၍မရှိ၊ သဒ္ဓါစေတနာရှိ၍ စောင့်လိုပါလျှင် မည်သည့် နေ့ရက်မဆို အခါခပ်သိမ်း၊ စောင့်သင့် စောင့်ထိုက် စောင့်ကောင်း၏ဟု တစ်ထစ်ချ လေ့နံမှတ်ထား မှတ်ပါလေ။ ။

## စောင့်ကောင်းပါ၏

ဥပုသ် သီလသာမဟုတ်၊ မည်သည့် သီလမျိုးမဆို၊ စောင့်ထိန်းလိုလျှင်၊ စောင့်ကောင်းပါ၏။ ကုသိုလ်ကောင်းမှု ပြုတဲ့နေရာမှာ မြေခံပြဿဒါး ဝါရမိတ္တာ၊ ရွေးနေရန်မလိုသလို၊ ဥပုသ်စောင့်တဲ့ ရက်ကိုလည်း ရွေးနေရန်မလို၊ သို့ရာတွင် ရှေးလူများ သတ်မှတ်ထားကြသော ရက်၌သာ အစောင့်များကြ၍၊ နောက်လူများက အခြားတစ်ပါးသော နေ့များ၌ မစောင့်ကောင်းဟု မှတ်ထင်ခြင်းမျှသာ ဖြစ်သည်ဟု မှတ်လေ။ ။

(ဒုတိယအကြိမ်)

## ၄။ အမေး၌

ရှေးက ပြဆိုခဲ့ပြီးသော နည်းအတိုင်း၊ ဥပုသ်သီလကို ခံယူပြီးလျှင် သမထ ဝိပဿနာတရား အစားစားတို့တွင်၊ တစ်ပါးပါးကိုမျှ အားထုတ်ခြင်းမရှိ၊ လက္ခဏာရေးသုံးပါးနှင့်လည်း လုံးဝ မယှဉ်၊ စပ်မိစပ်ရာ တိရစ္ဆာနကထာ ဖြစ်ထိုက်သောစကားတို့ကိုသာ၊ တဟားဟားရယ်မောလျှ၊ တယောသော ဆူညံကာ၊ ဥပုသ်နေ့အခါကို ကုန်လွန်စေသော ဥပုသ်မျိုးကို၊ အကျိုးရနည်းသည်ဟု ဆိုရပေလိမ့်မည်။ သို့မဟုတ် အရိယဥပုသ်မျိုး ဖြစ်အောင် စောင့်ထိန်းသော ဥပုသ်ကို၊ ကြီးကျယ် ပြန့်ပွား အကျိုးများသည်ဟု၊ ဆိုထိုက်သည်ကို၊ နောက်က ဆိုခဲ့ပြီးသော စကားရပ်များကို တောက်ထား တဖန် စမြုံ့ပြန်လိုက်လျှင်၊ အမှန်ကို သိသင့်လောက်ပါပြီ။ ။

## ၅။ အမေး၌

၅-နံပါတ်အမေး၌ ဥပုသ်စောင့်ရသော အကျိုး အဘယ်မျှရသနည်းဟု မေးသည်မှာ၊ ဘယ်မျှလောက်ရသည်ဟု ကုန်စင်အောင် ဟောပြောနိုင်သူ ယခုအခါ မရှိတော့ပြီ။ ဘုရားမှ တစ်ပါး မည်သူမှ ဟောပြောနိုင်မည် မဟုတ်၍၊ နောင်မေတ္တေယျဘုရားပွင့်မှသာ၊ မေးလျှောက်ဦးရန် ဥာဏ်ပေးရုံသာ တတ်နိုင်ပါတော့သည်။ ။

## အမြွက်မျှ

ဤဥပုသ်စောင့် လက်စွဲ ကျမ်းငယ်ကလေးသည်၊ လက်စွဲနိုင်ရန် အကျဉ်းအမြွက်မျှသာ ပြဆိုလိုက်ပါအံ့။ ။

(ဒုတိယအကြိမ်)

## (၁) ဘုရားမှ တစ်ပါးမရှိ

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံဝိနာ၊
အာနိသံသ ပရိစ္ဆေဒံ၊ တဿ သီလဿ ကောဝဒေ။
(ဝိသုဒ္ဓိမဂ်-သီလနိဒ္ဒေသ။)

### ဘာသာပြန်

ဘုရားသာသနာတော်ကြီးနှင့်၊ လက်ဝင်းပက်ပင်း ရင်ဆိုင် တွေ့ကြုံကြရသော၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အား၊ အကြွင်းသူတော်ကောင်းတို့၏ ဥစ္စာဖြစ်သော သီလသည် ရှိ၏။ ထိုသီလကို ဖယ်ထား၍။ အခြားတစ်ပါး ကိုးကွယ် အားထားရာ မရှိတော့ပြီ။ ထိုသီလ၏ အကျိုးရင်း အကျိုးကြွင်းကို ဘုရားမှတစ်ပါး ကုန်စင်အောင် ဟောပြောနိုင်သူ မရှိတော့ပြီ ဟူလို။ ။

## (၂) သီလနှင့်တူသော နံ့သာမရှိ

သီလဂန္ဓ သမော ဂန္ဓော၊ ကုတော နာမ ဘဝိဿတိ၊
ယော သမံ အနုဝါတေစ၊ ပဋိဝါတေစ ဝါယတိ။ ။
(ဂုဏ်းဝိသုဒ္ဓိ)

### ဘာသာပြန်

လောကဌ် စန္ဒကူး စသော၊ အနှစ်နံ့ အခေါက် အရွက် အပွင့်နံ့ ရေမွှေး စသော အမွှေးနံ့တို့သည်၊ သင်းကြိုင်မွှေးထုံလှ၏ဟု ဆိုရသော်လည်း၊ လေအောက်ကိုသာ အနည်းငယ် မွှေးကြိုင်နိုင်၏။ လေအထက်ကိုမူကား မြူဆံ တစ်ခြမ်းမျှ မမွှေးနိုင်ချေ၊ သီလရှိသော သူ၏၊ သီလတည်း ဟူသော အနံ့သည်ကား၊ လေကြေ လေညာ မရွေး အကုန်လုံး မွှေးနိုင်၍၊ သီလနှင့် တူသော၊ ပန်းနံ့သာ မည်သည်မရှိ ဟူလို။ ။

(ဒုတိယအကြိမ်)

### (၃) နိဗ္ဗာန်သို့ဝင်ရန် သီလနှင့်တူသော တံခါးမရှိဘူးတဲ့

သဂ္ဂါရောဟနသောပါနံ၊ အညံ သီလသမံ ကုတော။
ဒွါရံ ဝါပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။ ။

(ဂုဏ်ဝိသုဒ္ဓိ)

### ဘာသာပြန်

ရှုပါလို့ စသော ကောင်းကျိုး ချမ်းသာ မင်္ဂလာတို့၏ ပေါင်းရာ စုဝေးရာ တည်ရာဖြစ်သော၊ နတ်ပြည်သို့ တက်ရာ စောင်းတန်း လှေခါး၊ ဒုက္ခ ငပ်သိမ်း ချုပ်ငြိမ်းတဲ့ ဓာတ်သိမ်းရာမှန် ပြည် နိဗ္ဗာန်သို့ ဝင်ရာတံခါး၊ ထိုနှစ်ပါးတို့တွင် နတ်ပြည်သို့တက်တဲ့အခါ၊ နိဗ္ဗာန်သို့ ဝင်တဲ့အခါ၊ သီလဟူသော စောင်းတန်းကောင်း သီလနှင့် တူသော တံခါးကောင်း မရှိပြီ ဟူလို။ ။

### (၄) သီလနှင့်တူတာ မရှိ

သီလာလင်္ကာရသမော အလင်္ကာရောနတ္ထိ၊ သီလဂန္ဓသမော
ဂန္ဓော နတ္ထိ၊ သီလသမံ ကိလေသမလဝိသောဓနံ နတ္ထိ။
သီလသမံ ပရိဠာဟ ဝူပသမံ နတ္ထိ၊ သီလ သမ ကိတ္တိ
ဇနနံနတ္ထိ။ ။ (ဗုဒ္ဓဝင် အဋ္ဌကထာ)

### ဘာသာပြန်

သီလနှင့် တူသော အဝတ်တန်ဆာ၊ ပန်းနံ့သာ။ ကိလေသ ညစ်ကြေးကို ဆေးလျှော်ရာ၊ ပူပန်ခြင်းကို ငြိမ်းအေးစရာ၊ ဟိုးလေး တကျော် နာမည်ပေါ်အောင် ကျော်ကြားစရာ မရှိ ဟူလို။ ။

### (၅) အမြတ်ဆုံးတဲ့

သီလံဟိ သံသာရ မုပဂတဿ တာဏဉ္စ လေဏဉ္စ
ပရာယနဉ္စ၊ ဟောတိ၊ သီလမေဝ သေယျော။ ။

(ဓမ္မပဒအဋ္ဌကထာ)

(ဒုတိယအကြိမ်)

## ဘာသာပြန်

အဝိဇ္ဇာနှင့် တဏှာသဟဲ မပြတ်စဲနိုင်ကြသေးတဲ့ (၃၁)ခွင် သံသာပြင်၌၊ ကျင်လည်ကြရသော သတ္တဝါအပေါင်းအား၊ သီလ သာလျှင်၊ မိမိကို အပါယ်သို့ မလားရအောင် စောင့်ရှောက်တတ်၍၊ ပုံးအောင်းရာ၊ လည်းလျှောင်းရာ၊ မှီခိုအားထားရာ အစစ်ကြီး ဖြစ်၍၊ အမြတ်ဆုံး တရားကြီးပေတည်း ဟူလို။ ။

## ဥပုသ်အကျိုး ၉၁ ကမ္ဘာ အပါယ်မလားရ

ဧကနဝုတေကပ္ပေ၊ ယံကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိ ဇာနာမိ၊ ဥပေါသထဿိဒံ ဖလံ။ ။
(အပဒါန်ပါဠိတော်)

## သိကြား မိဖုရား ၆၄-ကြိမ်
## စကြာဝတေးမိဖုရား ၆၃ ကြိမ်

လွန်ခဲ့ပြီးသော ၉၁ ကမ္ဘာထက်က၊ ဗန္ဓုမတီပြည်တွင်၊ ဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုအခါ ဗန္ဓုမ မင်းကြီးသည်၊ မင်း စည်းစိမ်ကိုပယ်၍၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ ဥပုသ်သီလကို၊ မိမိနှင့် တကွ တိုင်းသူပြည်သား လူအများတို့ကိုလည်း ဆောက်တည် စေ၍။ နံနက်အခါ အတူးထူးသော လှူဖွယ်ဝတ္ထုတို့ကို ပေးလှူ၍။ ညနေချမ်းအခါ၊ တရားတော်ကို နာ၍နေလေသတည်း။ ထိုအခါ အိုးထိန်းသည်၏ ကျွန်မတစ်ယောက်သည်၊ မင်းနှင့်တကွ ပြည်သူ ပြည်သားတို့ ဥပုသ်ဆောက်တည်ကြသည်ကို မြင်လေလျှင်၊ တိုင်းသူ ပြည်သားနှင့် တကွ ရေမြေသနင်း ပြည့်ရှင်မင်းသော်မှ မင်းချမ်းသာ ကို စွန့်ပယ်၍၊ ဥပုသ်စောင့်သေး၏။ ငါမူကား သူတစ်ပါး၏

အစေခံ ဆင်းရဲသော ကျွန်မဖြစ်လျက်၊ အဘယ့်ကြောင့် ဥပုသ်မစောင့်နိုင်ဘဲ ရှိရအံ့နည်းဟု ကြံ၍ ဥပုသ်သီလကို ဆောက်တည်လေ၏။ ထိုကျွန်မသည် အသက်အဆုံးနေ၍ စုတေ သေလွန်သော်အခါ၊ တာဝတိံသာနတ်ပြည်၌ ဖြစ်၍၊ အမြင့် တစ်ယူဇနာရှိသော ဗိမာန်ကြီး၌ နတ်သမီး တစ်သိန်းခြံရံ၍ ကြီးကျယ်သော နတ်ချမ်းသာကို ခံစား စံစားရလေသတည်း။ ။

## ငါတို့ဘုရားလက်ထက် ရဟန္တာမ ဖြစ်

ဤသို့လျှင်၊ ထို အိုးထိန်းသည် ကျွန်မ နတ်သမီးသည် ၉၁-ကမ္ဘာတို့ ပတ်လုံး၊ အပါယ်လေးပါးသို့ မလားမကပ်ရဘဲ၊ သိကြားမိဖုရား ၆၄-ကြိမ် စကြာဝတေးမင်း ဖိ၃ ကြိမ် ဖြစ်ရ၍။ လူ့ရပ်နတ်ထံကျင်လည်ရာ ဘဝတို့၌ ရွှေအဆင်းနှင့်တူသော ကိုယ်အဆင်း ရှိသည် ဖြစ်၍၊ ချမ်းသာကြွယ်ဝသော အမျိုးတို့၌သာ ဖြစ်ရ၍ ဆင်ယာဉ်မြင်းယာဉ် ရထားယာဉ်၊ ရွှေခွက် ငွေခွက် ဖလ်ခွက် ပတ္တမြားခွက် ပိုးပုဆိုး ကမ္ဗလာပုဆိုး၊ အဖိုးများစွာ ထိုက်တန်သော ဝတ္ထုပစ္စည်းတို့ကိုသာ၊ သုံးဆောင်ရလေသတည်း။ ။

ဤသို့ အတိုင်းမသိ များစွာသော လူချမ်းသာ နတ်ချမ်းသာတို့ကို ခံစားပြီးသောအဆုံး၌၊ ငါတို့ ဘုရား လက်ထက် သာဝတ္ထိပြည်၌ ချမ်းသာကြွယ်ဝသော သူဌေးသမီးဖြစ်လာ၍၊ ဥတ္တမာ အမည်ဖြင့် ၇ နှစ်အရွယ်တွင်၊ ဘိက္ခုနီမ ပြုလုပ်ပြီးလျှင်၊ ဝိပဿနာတရားကို အားထုတ်လေရာ၊ ၁၅-ရက်မတိုင်မီပင်။ အဘိညာဏ် ၆-ပါး၊ ပဋိသမ္ဘိဒါ ၄-ပါးနှင့် တကွ ရဟန္တာမ အဖြစ်သို့ရောက်၍ ပရိနိဗ္ဗာန် ဝင်စံရလေသတည်း။ ။

(ဤဝတ္ထု သွားမျိုး များစွာလာ၏။)

(ဒုတိယအကြိမ်)

## ညဥ့်ထက်ဝက် ဥပုသ်စောင့်ရသော အကျိုး ပရောဟိတ်ဝတ္ထု

လွန်လေပြီးသော ရှေးအခါ၊ ဗာရာဏသီမင်း၏ ပရောဟိတ် အမတ်သည်၊ ကံစိုးစား၍၊ နေ့အခါ တရားဆုံးဖြတ်ပြီးလျှင်၊ ညဥ့် အခါမှ၊ ဥပုသ်သီလကို ဆောက်တည်၏၊ တစ်နေ့သ၌။ ဥပုသ် ဆောက်တည်သော မိန်းမတစ်ယောက်ကို မြင်၍၊ သရက်သီးကို လည်း ပေးလှူလေ၏။ ထိုပုရောဟိတ်သည်၊ ညဥ့်ထက်ဝက် စောင့် အပ်သော ဥပုသ်။ ဥပုသ်သုံးသော မိန်းမအား သရက်သီးပေးလှူရ သော ဒါန၊ ဤမျှသော ကောင်းမှုကိုပြု၍၊ စုတေ သေလွန်သည် ရှိသော်၊ ဟိမဝန္တာ ဂင်္ဂါမြစ်အနီး၊ သရက်ဥယျာဉ်ကြီးဝယ်၊ ရွှေ ဗိမာန်ကြီး၌။ နတ်သမီး တစ်သောင်း ခြံရံလျက်၊ ဝေမာနိကနတ် ဖြစ်လေ၏။ ထိုနတ်သည်၊ ညအခါ၌၊ များစွာသော နတ်စည်းစိမ်ကို ခံစားရ၍၊ နေ့အာရုဏ်တက်လျှင်၊ သရက်ဥယျာဉ် သို့ ဝင်ရသော ခဏ၌၊ နတ်အသွင်ကွယ်ပျောက်၍၊ ချင်းချင်းနီလျက်၊ ပင်လုံးကျွတ်ပွင့်သော ပေါက်ပင်ကြီးကဲ့သို့၊ တစ်ကိုယ်လုံး မီးလျှံ ပြောင်ပြောင် တောက်လောင်လျက်၊ အတောင်ရှစ်ဆယ် မြင့်သော ထန်းပင်ကြီးပမာ ပြိတ္တာကိုယ်ကြီး ဖြစ်ပေါ်လာ၍၊ ပေါက်တူးပမာဏ ရှိသော လက်ချောင်းတို့ဖြင့် မိမိအသားကို ကုတ်ဖဲ့စားရ၍၊ အော် ဟစ်ကာ တစာစာဖြင့် ပြင်းစွာသော ဒုက္ခဝေဒနာကို ခံစား ရလေ၏။ နေဝင်ပြန်လျှင်၊ ထိုပြိတ္တာကိုယ်လုံး ကွယ်ပျောက်ပြန်၍၊ နတ်၏ကိုယ်ကို ရပြန်လေသည်။ ထိုအခါ ရွှေဗိမာန်ထက်သို့ တက် ၍ နတ်သမီးအပေါင်း ခြံရံလျက်၊ ကြီးစွာသော နတ်စည်းစိမ်ကို ခံစားရပြန်လေသတည်း။

## မိဿကအကျိုး

''ကိုယ်ပြု ကိုယ်ခံ တစ်ဆံမရွေ့ ဘေးရန်တွေ့''ဟူ၍ လည်းကောင်း၊ ''ကိုယ်ပြု ကိုယ်စံ တစ်ဆံမရွေ့ ချမ်းသာတွေ့'' ဟူ၍ လည်းကောင်း ဆိုအပ်သည်နှင့် အညီ၊ တံစိုးစား၍ တရားဆုံးဖြတ်ခဲ့ဘူးသော မကောင်းမှုကြောင့်၊ ပြိတ္တာကိုယ်ကြီးကို ရ၍၊ နေ့အခါ ဆင်းရဲဝေဒနာကို ခံစားရလေသည်။ ညဥ့်အခါ ထက်ဝက်ဥပုသ်ကို စောင့်ပေသောကြောင့် ကြီးကျယ် များပြားလှသော နတ်စည်းစိမ်ကို ခံစားရလေသည်။ ဤလို ကောင်းကျိုး မကောင်းကျိုးနှစ်မျိုးကို ရရှိခံစားရသည်မှာ၊ မိမိပင် ကောင်းလုပ် မကောင်းလုပ်ပြုမိခဲ့၍၊ မိမိ လုပ်သည်နှင့် တူစွာ၊ နှစ်ပါးရော၍ တွေ့ရှိ ခံစားရသည်မှာ၊ မိဿက အကျိုးပေးဟု သိ၍ ကောင်းကျိုးသက်သက်ကိုသာ ရရှိစေရန်၊ ကောင်းမှုကိုသာ ပြုလုပ်ပါလေ။ ။

## သိပါလေ

ဤပရောဟိတ် အမတ် ဝတ္ထုသွားကို ထောက်ထား၍၊ ညဥ့်ထက်ဝက် အကျိုးပင် ဤမျှလောက်ရလျှင်၊ တစ်နေ့လုံး တစ်ညဥ့်လုံး အတွက်မှာ ဆိုဖွယ်ရာမရှိ၊ ထို့ထက် ဆတစ်ရာ ပိုမိုသာလွန်၍ ရပေမည်ဟု သိရှိ၍၊ စေတနာတိုးပြီး တံပိုးတက်အောင် အားထုတ်ကြပါလေ။ ။

## ညဥ့်ထက်ဝက် ဥပုသ်အကျိုး၊ သူရင်းငှား အခစားဝတ္ထု။

လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်၌ (သုစိပရိဝါရ) သူဌေး၏ သူရင်းငှားအခစား သူဆင်းရဲတစ်ယောက်သည်၊ တစ်နေ့ပတ်လုံး တော၌ အမှုကို လုပ်ကိုင်၍၊ ညဥ့်အခါ အိမ်သို့ ပြန်လာသည်ရှိသော်။

(ဒုတိယအကြိမ်)

## ညစာ ထမင်း မစားတော့ဘဲ၊

တစ်ပါးသောနေ့တို့၌၊ ဤအိမ်သည်၊အုတ်အုတ်ကျက်ကျက်၊ဆူဆူညံညံရှိလျက်၊ ယနေ့ အဘယ်ကြောင့် တိတ်ဆိတ်သနည်းဟု မေးလျှင်၊ အမောင် အလုံးစုံသော သူတို့သည်၊ ဥပုသ် ဆောက်တည်ကြ၍၊ မိမိတို့နေရာ၌၊ မိမိတို့သီလကို ဆင်ခြင် ကမ္မဋ္ဌာန်းတင်၍နေကြ၏ဟု ပြောဆိုလျှင်၊ ဤမျှလောက်သော ဥပုသ်သည်တို့ အလယ်၌၊ ငါတစ်ယောက်တည်း ဥပုသ်မစောင့်၊ သီလမရှိဘဲနေ၍ အဘယ်မှာ သင့်အံ့နည်းဟု ကြံ၍၊

## ထက်ဝက် ဥပုသ်။

ညစာ ထမင်းမစားတော့ဘဲ၊ သူဌေးထံသွား၍၊ အရှင် သူဌေးမင်း၊ ယခု ဥပုသ်ဆောက်တည်လျှင်၊ ရပါဦးမည်လောဟု မေး၍၊ အမောင် နံနက်အခါက မဆောက်တည်ရ၍၊ အလုံးစုံသော ဥပုသ်ကိုကား မရနိုင်ပြီ၊ ထက်ဝက်ဥပုသ်ကို ရနိုင်ပါသေး၏ဟု ဆိုလျှင်၊ ထက်ဝက်ဥပုသ်ပင် ဖြစ်ပါစေတော့ ဆို၍၊ သူဌေးထံ၌ပင် ဥပုသ်သီလကို ခံယူ ဆောက်တည်၍၊ မိမိနေရာတွင် သီလကို ဆင်ခြင်၍နေလေ၏။

## လေနာနှင့် သေရှာလေ၏။

ထိုသူရင်းငှား သည်၊ တစ်နေ့လုံး အစာမရှိသောကြောင့်၊ မိုးသောက်ယံ၌၊ ပြင်းထန်စွာ လေရောဂါ နှိပ်စက်သဖြင့်၊ အချက်တက်သောအခါ၊ အခန်းပြင်ဘက်၌ သိပ်ထားကြစဉ်၊ ဗာရာဏသီမင်း မြို့ကိုလှည့်သည်ကိုမြင်၍၊ မင်းအဖြစ်၌ တပ်မက်သော လောဘဖြင့်၊ စုတေလေသော်၊ ထက်ဝက်ဆောက်တည်ရသော၊ ဥပုသ်သီလ၏ အာနုဘော်ကြောင့်၊ ထိုမင်း မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေ၍၊

(ဒုတိယအကြိမ်)

ဖွားမြင်လာသော်၊ ဥဒယ မင်းသားဟု အမည် မှည့်၍၊ အရွယ်ရောက်သောအခါ မင်းအဖြစ်သို့ ရောက်ရှိလေ၏။ ။

## စက်ဆုတ်ဖွယ်ကောင်းသော လောဘ။

ဤသူရင်းငှားသည်၊ အထက်နတ်ပြည်၌ ဖြစ် ထိုက်လျက်၊ မင်းအဖြစ်၌ တပ်မက်သော လောဘကြောင့်၊ လူ့ဘုံ၌ တစ်ဖန် ဖြစ်၍ လာရလေသည်။

(ဤလည်း ထက်ဝက်သော အကျိုးပင်။)

## နောက်တစ်ယောက် အနာထပိဏ်သူဌေး၏ ကျွန်။

ဘုရားကျောင်းတကာ အနာထပိဏ်သူဌေး၏ ကျွန်သည်လည်း၊ သို့အတူ ညဥ့်ထက်ဝက် ဥပုသ်စောင့်ရသော ကုသိုလ်ကြောင့်၊ ပင်ညောင်ပင်ကြီးတစ်ပင်ဝယ်၊ ဘုန်းတန်ခိုး ကြီးမားလှသော ရုက္ခစိုးနတ်မင်းကြီး ဖြစ်ရသော ဝတ္ထုလည်း ရှိသေး၏။ ။

## ငါတို့ ဘုရားလောင်း။

လွန်လေပြီးသော ရှေးအခါက၊ မိမိလာပြည်ကြီး၌ ငါတို့ ဘုရားလောင်းတော်၊ သာမိန္ဒမင်းကြီးသည်၊ မင်းအဖြစ်သို့ရောက်သည်မှစ၍ မင်းကျင့်တရား ၁၀-ပါးနှင့် အညီ မင်းပြု၍၊ မြို့တံခါး လေးပေါက်နှာ၊ မြို့လယ် နန်းရင်ပြင်၊ ဤ ခြောက် ပါး သော အရပ် တို့ ၌၊ ခြောက်ဆောင်သော အလှူဇရပ်တို့ကို ဆောက်လုပ်စေ၍၊ တစ်နေ့တခြနေ၌၊ ၆–သိန်း, ၆-သိန်းကုန် အလှူကြီးကို အမြဲ ပေးလှူ၍၊ ငါးပါးသီလကို အမြဲ ထိန်း၍၊ ဥပုသ်သီလကို ဥပုသ်နေ့၌ အမြဲဆောက်တည်၏။ တိုင်းသူပြည်သားတို့ကိုလည်း၊ ဒါန,သီလ,ဥပေါသထ သီလတို့ကို ဆောက်တည်စေ၏။ သာမိန္ဒ မင်းကြီး၏ အဆုံး

အမဲ့ တည်၍၊ သေတိုင်းသေတိုင်းသော တိုင်းသူပြည်သားတို့သည် နတ်ပြည်၌ ဖြစ်ကြ၍၊ ထိုနတ်ပြည်၌၊ သာဓိနမင်းကြီး၏ ဂုဏ်ကျေးဇူးကိုသာ ချီးမွမ်းပြောဆိုကြ၍၊ သိကြားမင်းက မာတလိနတ်သားကို သိန္ဓောမြင်းတစ်ထောင်ကသော ဝေဇယန္တာ ရထားဖြင့်၊ သာဓိနမင်းကြီးကို အပင့်ခိုင်း၍ တာဝတိံသာ နတ်ပြည်သို့ ရောက်လျှင် သိကြားမင်းစည်းစိမ် တစ်ဝက်စီ ခွဲပေး၍ စံစား၏။ ထိုသို့စံစားခဲ့ပင် အနှစ် ၇၀၀-လွန်လေသတည်း။

## တာဝတိံသာ၌ ဖြစ်ပြန်လေ၏။

အနှစ် ၇၀၀-လွန်လေလျှင်၊ မိဓိလာပြည်ကို ပြန်ပို့၍၊ ၇-ရက် ပတ်လုံး အလှူကြီးကိုပေးလှူ၍၊ ပြီးဆုံးသောနေ့၌ပင်၊ နတ်ရွာစံ ကံ တော်ကုန်ပြီး၊ တာဝတိံသာနတ်ပြည်၌ပင် ဖြစ်လေ၏။ ။

## လူဘဝ လူအဖြစ်နှင့်ချည်း ၄-ကြိမ်။

အဆိုပါ သာဓိနမင်းကြီး ဥပုသ်ကုသိုလ်ကြောင့် နတ်ပြည်သို့ ရောက်ရသည် ဆိုသည်မှာ၊ သေပြီးမှ ရောက်သည်ကို မဆို၊ မသေမီ လူဘဝ လူအဖြစ်နှင့် ရောက်သည် မှတ်။ သည်သာမကသေး-

၁။ မဃဒေဝ မင်းကြီး တစ်ဘဝ၌။ ။သိကြား ၃၆-ယောက် လဲအောင် ကြာ၏။

၂။ သာဓိန မင်းကြီး တစ်ဘဝ။ ။အနှစ်ပေါင်း ၇၀၀-ကြာ၏။

၃။ နေမိ မင်းကြီး တစ်ဘဝ။ ။၇-ရက် ကြာ၏။

၄။ ဂုတ္တိလစောင်းဆရာ တစ်ဘဝ။ ။၇-ရက် ကြာ၏။

ထိုလေးဘဝတို့တွင်၊ မဃဒေဝဘဝမှာ၊ သူ့အလိုအလျောက် ကြာတန်ခိုးနှင့် တက်သွားတာ။ ဂုတ္တိလဘဝမှာ၊သိကြားကူညီပိုင်း

၍ မှိုင်းမတော့။ သာမိန့်နေမိ ဘဝတို့မှာ ဥပုသ် ဆောက်တည်သော ကောင်းမှုကြောင့်၊ တာဝတိံသာသို့ လူ့အဖြစ်နှင့် ရောက်သည်ဟု ပဏ္ဍိတ သဠကထာ၌ ဆိုသည်။ ဤသို့ စသည်ဖြင့်၊ ဥပုသ် သီလအကျိုး သည် အလွန် များပြားလှပါသောကြောင့်၊ အမြွက်မျှသိ ရရုံ ဤတွင် နှုတ်လိုက်ပါပြီ။ ။

## ၆။ အမေး၌။
## ဥပေါသထသီလပါဠ်။

အဟံ ဘန္တေ–တိသရဏေန–သဟ။ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါ သထသီလံ၊ ဓမ္မံ–ယာစာမိ၊ အနုဂ္ဂဟံ ကတွာ–သီလံဒေထ၊ မေ ဘန္တေ။

(ဒုတိယမ္ပိ၊ တတိယမ္ပိ ထည့်၍ ၃–ကြိမ် ဆိုလေ)

အာမဘန္တေ။

နမော–တဿ–ဘဂဝတော အရဟတော–သမ္မာ သမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ–သရဏံ–ဂစ္ဆာမိ။ ဓမ္မံ–သရဏံ–ဂစ္ဆာမိ။ သံဃံ–သရဏံ–ဂစ္ဆာမိ။

ဒုတိယမ္ပိ၊ ဗုဒ္ဓံ–သရဏံ–ဂစ္ဆာမိ။ ဒုတိယမ္ပိ၊ ဓမ္မံ–သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ၊ သံဃံ–သရဏံ–ဂစ္ဆာမိ။

တတိယမ္ပိ၊ ဗုဒ္ဓံ–သရဏံ–ဂစ္ဆာမိ။ တတိယမ္ပိ၊ ဓမ္မံ–သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ၊ သံဃံ–သရဏံ–ဂစ္ဆာမိ။

အာမဘန္တေ။

ပါဏာတိပါတာ–ဝေရမဏီ–သိက္ခာပဒံ–သမာဒိယာမိ။

အဒိန္နာဒါနာ–ဝေရမဏီ–သိက္ခာပဒံ–သမာဒိယာမိ။

အ ဗြဟ္မစရိယာ–ဝေရမဏီ–သိက္ခာပဒံ–သမာဒိယာမိ၊

(ဒုတိယအကြိမ်)

မုသာဝါဒါ—ဝေရမဏီ-သိက္ခာပဒံ=သမာဒိယာမိ။

သုရာ— မေရယ— မဇ္ဇပမာဒဋ္ဌာနာ- ဝေရမဏီ-သိက္ခာပဒံ— သမာဒိယာမိ။

ဝိကာလ ဘောဇနာ—ဝေရမဏီ—သိက္ခာပဒံ—သမာဒိယာမိ။

နစ္စ-ဂီတ၊ ဝါဒိတ—ဝိသူကဒဿန—မာလာဂန္ဓ-ဝိလေပန-ဓာရဏ မဏ္ဍန-ဝိဘူသနဋ္ဌာနာ- ဝေရမဏီ- သိက္ခာပဒံ-သမာဒိယာမိ။

ဥစ္စာသယန-မဟာသယနာ— ဝေရမဏီ— သိက္ခာပဒံ— သမာဒိယာမိ။ ။

အာရာမှာဘန္တေ။ ။

........❁........

## မှတ်ချက်များ။

စာလုံးအက္ခရာတို့၏ အလယ်၌၊ (—) ဤအမှတ်အစက် တင်ခဲ့သော်ရှေ့အလုံးနှင့်နောက်အလုံး တစ်ဆက်တည်း မရွတ်နှင့်။ အသံပြတ်အောင် အနည်းငယ်ရပ်၍ ရွတ်ဆိုရမည်၊

ဘန္တေ x ဓေထ၊ တို့၌၊ ဘန်းတေ-ဒေးထ၊ ဟု ရှေ့ဆီးသံနှင့်မရွတ်နှင့်၊ ဘန်တေ၊ ဒေထ၊ ဟု ရွတ်ဆိုရမည်၊ ပါဠိမြစ်သည်၊ မနုရာဘကာ တိုင်းတို့၌ သတိပြုလေ၊

## အဋ္ဌင် ဥပေါသထ သီလအနက်။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ သံသာရ ဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ခဏမကြာ ထွက်မြောက်ပါရခြင်း အကျိုးငှာ။ တိသရဏေန၊သရဏဂုဏ်သုံးပါး နှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဥပေါသထသီလံ၊ သူတော်တကာ စောင့်သုံးရာ မှန်လှ၊ ဥပေါသထ

သီလဟု ဆိုအပ်သော၊ ဓမ္မံ၊ ပဋိပတ် အကျင့်မြတ်ကို။ ယာစာမိ၊ လက်အုပ်ချီမိုး ရှိခိုးပန်ထွာ တောင်းပန်ပါ၏ အရှင်ဘုရား။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ သီလံ၊ ဥပေါသထ သီလတော်မြတ်ကို။ အနုဂ္ဂဟံ၊ ချီးမြှောက် မစသည်ကို။ ကတွာ၊ ပြု၍။ ဒေထ၊ ဂရုဏာရှေ့ရှု ပေးတော်မူပါ အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း၊ ဘန္တေ၊ အရှင်ဘုရား။ ။ပ။ ဒေထ၊ ဂရုဏာရှေ့ရှု ပေးတော်မူပါ အရှင်ဘုရား။ ။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း၊ ဘန္တေ၊ အရှင်ဘုရား။ ။ပ။ ဒေထ၊ ဂရုဏာရှေ့ရှု ပေးတော်မူပါ အရှင်ဘုရား။ ။

## မှတ်ချက်။

ဤလို သုံးကြိမ် သီလတောင်းပြီး အဆုံး၌၊ ဘုန်းတော်ကြီးများက၊ (ယ- မဟံ- ဝဒါမိ- တံ ဝဒေထ) ဟု ဆိုလိမ့်မည်။ အနက်ကား။ ။ ဘောဂန္တော သပ္ပုရိသာ၊ ရတနာ သုံးရပ် တရားမြတ်ကို ဆည်းကပ် ခိုအောင်း ဆို သူတော်ကောင်းအပေါင်းတို့။ အဟံ၊ ငါဆရာ ဘုန်းတော်ကြီးသည်။ ယံ ပါဠိံ၊ အကြင် ဗုဒ္ဓံ-သရဏံ-ဂစ္ဆာမိ၊ ဓမ္မံ သရဏံ-ဂစ္ဆာမိ၊ သံဃံ သရဏံ-ဂစ္ဆာမိ၊ ဟူသော ပါဠိကို၊ ဝဒါမိ၊ ရှေ့ကချဆို၍ပေးအံ့တံပါဠိံ၊ ထိုချပေးလိုက်သော ဗုဒ္ဓံ- သရဏံ- ဂစ္ဆာမိ စသော ပါဠိကို၊ တုမှေ၊ လက်အုပ်စုံညီ တင်ချီညွှတ်ပြောင်း၊ သင်သူတော်ကောင်း အပေါင်းတို့သည်။ ဝဒေထ၊ တစ်လုံးတပါဒမျှ မမှားမယွင်းရအောင် နားသွင်းပြီး လိုက်ဆိုကြကုန်လော့။ (ဆိုလိုရင်း အဓိပ္ပာယ်မှာ၊ ငါရှေ့က ဆိုသွားမယ့် စကားကို၊ မမှားအောင် လိုက်ကြဟု ဆိုလိုသည်။)

ဘန္တေ၊ ကျေးဇူးတော်ရှင် အရှင်သူမြတ်ကြီးဘုရား၊ အာမ၊ အရှင်ဘုရားဆိုသွားသည့်အတိုင်း၊ တစ်လုံးတပါဒမျှ မမှားမယွင်းရအောင်၊ နားသွင်းပြီးလိုက်ဆိုပါမည်ဘုရား။

(ဒုတိယအကြိမ်)

အရဟာတော၊ တစ်ထောင့်ငါးရာကိုးလေသာမာရ်၊ ကိုယ်တွင်းရန် တို့ကို၊ အရဟတ္တမဂ် စိန် သံ လျက် ဖြင့် ပယ် ဖျက် ခုတ် ဖြတ်၊ အကြွင်းမဲ့ သတ်တော် မူပါတ်သော၊ သမ္မာသမ္ဗုဒ္ဓဿ၊ ညေယျ ငါးတန် တရားမှန်ကို၊ ကေန်တိတိ၊ မဖောက်မပြန် ဘာယန္တူ ဉာဏ်ဖြင့်၊ သိမြင်တော် မူတတ်သော၊ တဿ ဘဂဝတော၊ ဣဿရိယ ဓမ္မ ယသ သိရိကာမ ပယတ္တ ဟူ ဘုန်းခြောက်ဆူနှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားအား၊ မေ၊ ကျွန်ုပ်၏၊ နမော၊ ကာယဝစီ၊ မနောချီ၍ သုံးလီညွှတ်ကျိုး ရှိခိုးခြင်းသည်၊ အတ္ထု၊ ဘဝတု၊ မုချမသွေ ဖြစ်ပါစေသတည်း။ (တစ်နည်း) နမော၊ ကာယဝစီ မနောချီ၍ သုံးလီညွှတ်ကျိုး ထိငါးမျိုးဖြင့် ရှိခိုးခြင်းကို၊ ကရောမိ၊ မုချမှန်စွာ ပြုလုပ်ပါ၏ဘုရား။ (ဤကား နမောတဿအနက်တည်း။)

## နမောနှင့် တဿ မှတ်ချက်။

နမော နှင့် တဿကို (နမောတဿ) ဟု တစ်ပေါင်းတည်း ဆက်စပ်၍ မရွတ်နှင့်၊ (နမော-တဿဘဂဝတော) ဟု တဿနှင့် ဘဂဝတော ပေါင်း၍ ရွတ်ရမည်၊ သို့မဟုတ် နမော တစ်ပုဒ်၊ တဿတစ်ပုဒ်၊ ဘဂဝတော တစ်ပုဒ် ခွဲ၍သော်လည်း ရွတ်ရမည်၊ ရှေးက နှုတ်ကျိုးထားတိုင်း မရွတ်ပါနှင့်၊ (မှားလျှင် အစဉ်၊ ပြင်လျှင်တခဏ) ဆိုသောထုံးကို နှလုံးသွင်းပါလေ၊ အရွတ်၊ အဖတ်၊ အဖြတ်၊ အသတ် နေရာတို့၌ မှန်ကန်စွာ ရွတ်ဖတ်တတ်ရန် ဆရာကောင်းလိုလှသည်၊ သို့မှ အနက်အဓိပ္ပာယ် ရှင်းလင်းကျနနိုင်ပေမည်။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ အပါယ်ဘေးကြီး၊ တားဆီးပေတတ် ကောင်းမြတ်သော ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ၊ ယုံကြည်လှစွာ ဆည်းကပ်ပါ၏။ ။ဓမ္မံ၊ မဂ်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ၊ အပါယ်ဘေးကြီး တားဆီးပေတတ်ကောင်းမြတ်သော ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ၊ ယုံကြည်လှစွာ ဆည်းကပ်ပါ၏။ ။သံဃံ၊ သားတော်ရင်နှစ်

ရှိယာဘရှစ်နှင့် ဆင်းသက်စဉ်လာ သမုတိ သံဃာတော်မြတ်အပေါင်းကို၊ သရဏံ၊ အပါယ်ဘေးကြီး တားဆီးပေတတ် ကောင်းမြတ်သော ကိုးကွယ်သူ ဟူ၍၊ ဂစ္ဆာမိ၊ ယုံကြည်လှစွာ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ပ။ ဂစ္ဆာမိ။ ပါ၏။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ပ။ ဂစ္ဆာမိ။ ပါ၏။

## မှတ်ချက်။

အထက်ကနည်းအတိုင်း ။ပ။ မြွက်ထားသော နေရာ၌ အပြည့်အစုံ ဖော်ပေးမှသာ ။တစ်နည်း။ သရဏံပုဒ် အနက်၊ သရဏံ သရဏံ ဋ္ဌတိ၊ အပါယ်ဘေးကြီး တားဆီးပေတတ် လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးတတ်ပါ၍၊ ကောင်းမြတ်သော ကိုးကွယ်ရာကြီး အစစ် ကေန် ဖြစ်၏ဟူ၍ ဂစ္ဆာမိ အာဇာနာမိ၊ သိပါ၏၊ ။ဤသို့ပေးလျှင်လည်း ပေးလေ၊

## အထူးမှတ်ချက်များ။

ဤ၌ (ဗုဒ္ဓံ–သရဏံ–ဂစ္ဆာမိ) ဟု (သရဏံ)၌၊ ရကောက် လျှာ ထိပ်သံနှင့် ရွတ်ရမည်၊ အချို့ (သယဏံ) ဟု၊ ယပက်လက်နှင့်၊ လျှာ မလိပ်ဘဲ ရွတ်ဘတ်ကြ၏ လုံးဝမသင့်မှတ်၊ အဘယ့်ကြောင့်ဟူမူ ယပက်လက်နှင့် ရွတ်က၊ ကိုးကွယ် လဲလျောင်း ပုံးအောင်းမှီခို၊ ဟူသော အနက်ကို မဟော အိပ်ခြင်းဟူသော အနက်ကိုသာ ဟောသည်၊ အိပ်ခြင်းသို့ ဆည်းကပ်ပါ၏ သိပါ၏ ဟူသော အနက်ကိုရလေ ရောက် လေ တော့ သည်၊ အက္ခရာလွဲက အနက်လည်းလွဲတော့၏၊ အနက်လွဲက အဓိပ္ပာယ်လွဲ၊ အဓိပ္ပာယ်လွဲက အကျင့်လွဲ၊ အကျင့်လွဲက မဂ်ဖိုလ် နိဗ္ဗာန်နှင့် လွဲလေတော့သည်၊ ။ အက္ခရာ မှန်က အနက်မှန်၊ အနက်မှန်က အဓိပ္ပာယ်မှန်၊ အဓိပ္ပာယ်မှန်က အကျင့်မှန်၊ အကျင့်မှန်မှ မဂ်ဖိုလ်နိဗ္ဗာန် ဆုံးခမ်းတိုင်အောင် မှန်လေတော့ သည်၊ သို့ကြောင့် သရဏဂုဏ် သီလပေးသော ဘုန်းတော်ကြီးများမှာ မိမိကိုယ်၌က အက္ခရာမှန်ကန်ကျနစေရမည့်ပြင်၊ တကာ တကာမတို့ စသော မတတ်၍ အက္ခရာချွတ်ယွင်းသည်ကိုလည်း လျစ်လျူရှုမထားဘဲ အမြန်အမှန် ကျအောင် ပြင်ပေးသင့်သည်ကို၊ အထူး သတိပြုမိကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါလည်း၊ ။

(ဒုတိယအကြိမ်)

## သဝေထိုးမပါ ၉ ဂါထာ

''သဝေထိုးမပါ ၉-ဂါထာ၊တေးရန်ခပ်သိမ်း လွှတ်ငြိမ်းကွာ၊ သွားလေရာ၊ လာလေရာရွတ်ကြမြဲမကွာ''။ ဟု ရှေးပညာရှိသူတော်ကောင်းတို့ ဆိုကြသည်မှာ အခြားဂါထာမဟုတ်၊ ဤ သရဏာဂုဏ်သုံးပါး ၁-လီ ၉-ခါ ဖြစ်သည်ကိုပင်။ (သဝေထိုးမပါ ၉-ပါထာ)၊ ဆိုသည်။

**အထူးမှတ်**။ ဤလို သရဏာဂုဏ်၊ ၃-ကြိမ်ပေးပြီး အဆုံး၌ ဘုန်းတော်ကြီးများက၊ (တိသရဏ ဂဟဏံ ပရိပုဏ္ဏံ) ဟု ဆိုလိမ့်မည်။ ၎င်းပါဠိအနက်ကား။ တိသရဏဂဟဏံ၊ သရဏာဂုဏ်သုံးပါးကို ခံယူဆောက်တည်ကြခြင်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံကြပြီ။ (ဆိုလိုရင်းမှာ၊ သရဏာဂုဏ်သုံးပါးကတော့ ပြည့်စုံသွားကြပါပြီ။) ဆိုလိုသောစကား ဖြစ်သည်။ ။ဤ၌လည်း အချို့ ဘုန်းတော်ကြီးများ။ (တိသရဏပဟဏံ မဟာပတိပုညံ) ဟု ဆိုတော်မူတတ်ကြ၏။ ။ ပါဠိအတိုင်းအဓိပ္ပာယ်ယူလျှင် သရဏာဂုဏ်သုံးပါးကို ခံယူဆောက်တည်ခြင်းသည်။ကြီးသော များသော ကောင်းမှုကုသိုလ်ဖြစ်သည်၊ဟု အဓိပ္ပာယ်ရသော်လည်း။ မဟာပရိပုညံသဒ္ဒါနှင့်။ ပါဠိအဋ္ဌကထာတို့၌ မလာ။ ပရိပုဏ္ဏံသဒ္ဒါနှင့်သာ၊ ကျမ်းဂန်တို့၌လာသည်။ ထို့ကြောင့်၊ အထက်ပါအတိုင်းသာ ရွတ်ဆိုသင့်သည်ဟု မှတ်အပ်၏။ ။

(ဤကား သရဏာဂုဏ်အနက်တည်း။)

ဘန္တေ၊ ကျေးဇူးတော်ရှင် အရှင် သူ မြတ် ကြီး ဘုရား။ အာမ၊ သရဏာဂုဏ်သုံးပါး ပြည့်စုံပါပြီ ဘုရား။ (အာမဘန္တေ အနက်။)

ဒုတိယအကြိမ်)

၁။ ။ပါဏာတိပါတာ၊ သတ္တဝါတို့၏ အသက်ကို၊ အသက်အတိုင်း မနေစေမူ၍၊ အကြားဌ် လျှင်စွာချခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ၊ ကြဉ်ရှောင်ရာ ပဋိပတ်၊ အကျင့်မြတ် သိက္ခာပုဒ်တော်ကို၊ သမာဒိယာမိ၊ ကိုယ်နှင့်နှိုင်းစာ ဂရုဏာဖြင့် ကောင်းစွာကြည်ဖြူ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။

၂။ ။အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ၊ ကို၊ သမာဒိယာမိ၊ ကိုယ့်ဥစ္စာလား ပမာထား၍ မခိုးမယူအံ့ဟု ကောင်းစွာ ကြည်ဖြူ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။

၃။ ။အဗြဟ္မစရိယာ၊ မမြတ်သောမေထုန်အကျင့်မှ၊ ဝေရမဏီ သိက္ခာပဒံ၊ ကို၊ သမာဒိယာမိ၊ ကာမသုခံ နှယောဂံဟု စိတ်ကရှု၍ မပြုမကျင့်အံ့ဟု ကောင်းစွာ ကြည်ဖြူ ခံယူ ဆောက်တည်ပါ၏ အရှင်ဘုရား။ ။

၄။ ။မုသာဝါဒါ၊ မဟုတ်မမှန် ဖောက်ပြန် ချွတ်ယွင်းသော စကားကို ပြောဆိုခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ၊ ကို၊ သမာဒိယာမိ၊ မျှားလှပြစ်တေး ဖန်ဖန်တွေးကာ မပြောမဆိုပါအံ့ဟု ကောင်းစွာ ကြည်ဖြူ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။ ။

၅။ ။သုရာ—မေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော၊ သုရာငါးပါး၊ မေရယငါးပါး၊ ဘိန်းဘင်းကစော်၊ လှော်စရအရက်၊ ဆေးချောက် မာဗီယားတို့ကို၊ သောက်ခြင်း မျိုခြင်း ရှူခြင်း ရှိုက်ခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ၊ ကို၊ သမာဒိယာမိ၊ ရှူးရှမည့်ဘေး ဖန်ဖန်တွေးကာ မသောက်ပါအံ့ ဟု ကောင်းစွာကြည်ဖြူ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။

၆။ ။ဝိကာလဘောဇနာ၊ နေလွဲသောအခါ၊ ယာဝကာလိက ဘောဇဉ်ကို စားခြင်းမှ၊ ဝေရမဏီ သိက္ခာပဒံ၊ ကို၊ သမာဒိယာမိ၊

သူတော်တို့ထုံး နှလုံးပြုကာ မစားပါအံ့ဟု ကောင်းစွာ ကြည်ဖြူ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။

၇။ ။နစ္စဂီတ ဝါဒိတ ဝိသုကဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ။ သာသနာတော်၏ဆန့်ကျင်ဘက် ဆူးငြောင့်သဖွယ်ဖြစ်သော၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာမှုန့်တို့ဖြင့် မွှေးထုံစေခြင်းကို ပြုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ၊ ကို၊ သမာဒိယာမိ၊ သူတော်တို့ထုံး နှလုံးပြုကာ ကြည့်ရှုနားထောင်ခြင်း စသည်တို့ မပြုအံ့ဟု၊ ကောင်းစွာကြည်ဖြူ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။ ။

၈။ ။ဥစ္စာသယန မဟာသယနာ၊ နှစ်ထောင့်ထွာထက် အခြေရှည်သော ညောင်စောင်းအင်းပျဉ်၊ ခုတင်၊ ကုလားထိုင် စသော မြင့်သောနေရာ၊ အမွေးလက် လေးသစ်ရှည်သော သားမွေး ကော်ဇော၊ ခြင်္သေ့ရုပ် ကျားရုပ်စသည်ဖြင့်၊ ဆန်းကြယ်စွာပြုလုပ်အပ်သော အခင်းကြီး စသော မြတ်သောနေရာတို့၌ နေထိုင်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ကို၊ သမာဒိယာမိ၊ သူတော်တို့ထုံး နှလုံးပြုကာ မြင့်မြတ်သောနေရာတို့၌ မနေပါအံ့ဟု ကောင်းစွာ ကြည်ဖြူ ခံယူ ဆောက်တည်ပါ၏ အရှင်ဘုရား။ ။

(ဤကား ရှစ်ပါးသီလအနက်။)

အထူးမှတ်။ ဤ ဥစ္စာသယန သိက္ခာပုဒ် အဆုံး၌။ ဘုန်းတော်ကြီးတို့က၊ (တိသရဏေန သဟအဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထ သီလ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ) ဆိုပေလိမ့်မည်။ ၎င်း အနက်ကား။ဘောဂန္တော၊အနာဂါမ် ရဟန္တာသူတော်စွာ

(ဒုတိယအကြိမ်)

တို့ ကျင့်ရာသောထုံးနှလုံးမှီဆ ဥပေါသထ သီလဟုံ၊ ခံယူ ဆောက် တည်ကြကုန်သော ဒါယကာ ဒါယိကာမအပေါင်းအပေါင်းသူတော်ကောင်း တို့၊ တုမ္ဟေ၊သင်တို့သည်။တိသရဏေန၊သဲ့ရဏဂုဏ်သုံးပါးနှင့်။သဟ၊ တက္ကု။ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဥပေါသထ သီလံ၊ သူတော်တို့ထုံး နှလုံးမှီဆ ကျင့်သုံးချဲ့နေရသော သဘော ကြောင့်။ ဥပေါသထ အမည်ရှိသော။ ဓမ္မံ၊မဖျို့မ ပဋိပတ် အကျင့် မြတ်သိက္ခာပုဒ်ကို။ သာဓုကံ၊ ကောင်းစွာ။ ကတွာ၊ ပြု၍။ အပ္ပမာဒေ န၊ သိက္ခာပုဒ်ရှစ်ပါးမပေါက်ကြားရအောင်။မမေ့မလျော့မပေါ့မဆ အပ္ပမာဒ သတိတရားနှင့်။ သမ္ပာဒေထ။ ပြည့်စုံ လုံလောက်ကြစေကုန် လော။ ။

(မမေ့မလျော့အောင် သတိပေးသည်။)

ဘန္တေ၊ ကျေးဇူးတော်ရှင့် အရှင်သူမြတ်ကြီးဘုရား။ အာမ၊ ခကျိုးမပေါက်ရအောင် ကောင်းစွာ စောင့် ရှောက် ပါ မည် ဘုရား။ ။

ဤ၌လည်း၊။ တိသရဏေနသဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါ သထသီလံ ဓမ္မံသာဓုကံကတွာ အပ္ပမာဒေန သမ္ပာဒေထ တဗ္ဗံ၊ ဟု အချို့ ဆိုတတ်ကြ၏။ ပါဠိမရှိ၍၊ သမ္ပာဒေထလို့သာ ဆိုရမည်ဟု သိလေ။

## မှတ်ချက်။

ဤ ဥပေါသထသီလကို ဆိုခဲ့ပြီးသည့် အတိုင်း မဟုတ်ဘဲ။ (အဋ္ဌသိက္ခာပဒံသမာဒိယာမိ) ဟု ခံယူလျှင်လည်း၊ ရှစ်ပါးသီလ ယူခြင်း ကိစ္စပြီး၏။ သို့ရာတွင် တပါးပျက်က အကုန်ပျက်၏ မှတ်။

(ဒုတိယအကြိမ်)

အထက်ကပြဆိုခဲ့တဲ့အတိုင်း အသီးသီး တပါးစီတစ်ပါးစီခံယူမှုကား။ လွန်ကြူးသော သိက္ခာပုဒ်သာပျက်၏။ ကျန်သိက္ခာပုဒ် မပျက်မှတ်။ (ယောပဉ္စသိက္ခာပဒါနိ ဧကတော ဂဏှာတိ၊ တဿဧကေသ္မိံ။ဘိန္နေ သဗ္ဗာနိ ဘိန္နာနိ ဟောန္တိ၊ ယောဧကေကသ္မိံ ကဏှာတိ၊ သောယံ ဝီတိက္ကမတိ၊ တဒေဝ ဘိဇ္ဇတိ။ (ဟူသော သီလက္ခန် ဋ္ဌကထာကို ထောက်၍ သိလေ။

## ရှစ်ပါးသီလမကျ။

အချို့အရပ်၌ အချို့လူတို့သည်၊ ရှစ်ပါးသီလ ယူပြီးနောက်၊ ရှစ်ပါးချသည်ဆိုပြီး၊ ငါးပါးသီလကိုခံယူတတ်ကြ၏။ ယို့သို့ ငါးပါး သီလခံယူသော်လည်း၊ ရှစ်ပါးသီလ မကျမပျက်ဟုမှတ်လေ။ အဘယ့် ကြောင့် ဆိုသော်၊ ဤလူတို့၏ ငါးပါး ရှစ်ပါး ဆယ်ပါးသီလများမှာ၊ ငါးပါး ရှစ်ပါးစသည်ဖြင့်။ သိက္ခာပုဒ်ကို ပိုင်းခြားခြင်း။ တစ်နေ့နှင့် တစ်ညဥ့်စောင့်မည်ဟု၊ စိတ်ကပိုင်းခြားမှတ်သားခြင်း။ ဤလိုသိက္ခာ ကာလကို ပိုင်းခြားခြင်းရှိ၍၊ ပိုင်းခြားသောသိက္ခာပုဒ်ကို၊မလွန်ကြူး၊ ပိုင်းခြားသောကာလကို မလွန်သေးသောကြောင့်၊ မပျက်ဟု မှတ်။ ငါးပါးသီလ မခံမယူသော်လည်း။ သိက္ခာကာလကို လွန်ကြူးသည် နှင့် တစ်ပြိုင်နက် ပျက်၏ ကျ၏။ ပြမ်းတော့၏ မှတ်လေ။ (သိက္ခာပဒ ပရိယန္တံကတွာ သမာဒိန္နသီလံ၊ ဝီတိက္ကမနေနဝါ၊ မရဏေ နဝါ၊ ပဋိပဿမ္ဘတိ၊ ကာလပရိယန္တံကတွာ သမာဒိန္နသီလံ တံတံ ကာလာတိက္ကမေန ပဋိပဿမ္ဘတိ။ ) ဤ ပဋိသမ္ဘိဒါမဂ် ဋ္ဌကထာကိုထောက်၍သိ။

## သမန် သမ္မန် ၂ ဟန် အသင့်။

အဋ္ဌကသမန္တာဂတံ၌၊ သမန္တာဂတံ ဟူ၍လည်းကောင်း၊ သမ္မန္တာ ဂတံ ဟူ၍လည်းကောင်း၊ နှစ်မျိုးရှိတတ်၏။ ဘယ်ဟာအမှန် ဘယ်

ဟာ အမှားဟု မငြင်းကြလေနှင့်၊ နှစ်ချိုးလုံးပင်ပါဠိ အဋ္ဌကထာ တို့၌၊ လာသောကြောင့်၊ အသင့်ချည်းဟုမှတ်လေ။

ငှင်းတို့အဓိပ္ပါယ်မှာ၊ ရှစ်ပါးသီလသည်။ စေတနာ ဝိရတီနှင့် ယှဉ်သွားဖြစ်သောကြောင့်။ (သမန္နာဂတံ) ဆိုလိုသည်၊ ရှစ်ပါးသီလသည်၊ စေတနာဝိရတီနှင့် ပြည့်စုံလေသောကြောင့် (သမန္နာဂတံ) ဆိုလိုသည်။ ။ သံ-အနုအာ ရှေးရှိသော ဂမုတော်-တပစ္စည်း)

## ပါဠိအနက်ခံယူသင့်၏။

အသူးသတိပြုစရာကောင်းသည်မှာ။ ဗုဒ္ဓဘာသာမြန်မာလူမျိုးမှန်က၊ ဥပုသ်မစောင့်ဖူးသူ နည်းပေလိမ့်မည်။ သို့ရာတွင်၊ ဥပုသ်အကြောင်း၊ ဥပုသ်အကျိုးကို သိသူသည်၊ နည်းပေ လိမ့် မည်။ သို့ကြောင့်။ ယခုပြဆိုခဲ့သော ပါဠိအနက်ကို၊ အချက်ကျ၍ သီလပေးကြ သီလခံယူကြပါမူ။ ဤ လက်စွဲစာအုပ်ကို ဥပုသ်နေ့တိုင်း အမြဲရွတ်ဖတ်ကြပါမူ။ ဥပုသ်အကြောင်း၊ ဥပုသ်အကျိုးတို့ကို၊ ဒိုးလျှိုပေါက်၊ ရှင်းရှင်းလယ်၊ မွမွကြေအောင်၊ သိရှိနားလည်ကြ၍၊ ကျနမှန်ကန်စွာ သီလကိုခံယူဆောက်တည်ဘတ်သည့်ပြင်၊ အသွန် အကျိုးများအောင်၊ ဥပုသ်စောင့်တက်ကြပေလိမ့်မည်၊ သို့ကြောင့်၊ ဥပုသ်အကြောင်းကို ကောင်းစွာ သိရှိနားလည်သည်ထိုင်အောင်၊ ပါဠိအနက် ခံယူသင့်၏။

မောလာ ထန္တ ပြီး ပန်း၊ စသည်ဖြင့် မှန်မှန်ကန်ကန် မခံယူဘဲ ရှားပါး (ပန်န်ပါ ပင်ကာ-ဖင်ကာ ဖ ဒန္၊ နံကာ နံဒန်) ဟု အသက်၅၀ တိုင်အောင်၊ ဥပုသ်စောင့်ဖူးသော မိန်းမကြီးဝတ္တု၊ စသည်ကို ထောက်၍၊ (မှား နှား ယွင်းယွင်း) မရှိရလေအောင်၊ ပါဠိအနက်

အဓိဋ္ဌာယ်ကို၊ လယ်လယ်ပတ်ပတ်ရှိမှ အနက်ကိုလွှတ်၍၊ (ပါဠိ ပါဠိ) သက်သက်ခံယူသင့်ကြောင်းကို သတိပြုလေ။ ။

## စာရိတ္တနှင့် ဝါရိတ္တ

ဤဥပေါသထ၊ ရှစ်ပါးသီလမှာ၊ စာရိတ္တသီလ၊ ဝါရိတ္တသီလ၊ ၂ မျိုး ရောနှောပါဝင်နေသည်ကို သတိပြုမိပါစေ။ အဘယ့်ကြောင့် ဟူမူ၊ ငါးပါးသီလမှာ၊ တားမြစ်လျှင် တားမြစ်၊ မတားမြစ်လျှင်၊ အပါယ်သို့သွားတတ်၍၊ တားမြစ်ရမည့် သီလမျိုးဖြစ်သောကြောင့်၊ ဝါရိတ္တသီလ၊ ဖြစ်သည်။ ။ဝိကာလဘောဇနာ အစ၊ ဥစ္စာသယန အဆုံးရှိသော သိက္ခာပုဒ်စုမှာ၊ ကျင့်နိုင်လျှင်ကျင့်၊ မကျင့်နိုင်လျှင် အပြစ်မရှိ၊ ကျင့်နိုင်က အကျိုးရှိ အကျိုးရသော သီလမျိုးဖြစ်သော ကြောင့်၊ စာရိတ္တသီလ။ ။ဖြစ်သောကြောင့်ပေတည်း။ ။

## မိမိအလိုလိုလည်း ဆောက်တည်ကောင်း၏

ဤဥပုသ်သီလကို၊ ဘုန်းကြီး ရဟန်း သံဃာရှိသော၊ မြို့ ရွာဖြစ် လျှင်၊ ၎င်းတို့ထံ သွားရောက်ခံယူ ဆောက်တည်ရမည်။ မရှိလျှင် ဘုရားရုပ်ပွားကိုယ်စား စေတီများထံမှာ ဆောက်တည်ရမည်။ မရှိ လျှင်၊ ဆယ်ပါးသီလ လက္ခဏာကို သိသော လူယောကျ်ား မိန်းမထံ မှာ ခံယူရမည်။ အဆိုပါပုဂ္ဂိုလ်များကိုလည်း မရနိုင်၊ ဥပုသ်လည်း စောင့်ချင်၊ ကိုယ်တိုင်လည်း တစ်ပါးစီ မခံယူတတ်ပါလျှင်၊ အောက် ပါ....

ဗုဒ္ဓံ ပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိ။

ဟု ဆောက်တည်လျှင်လည်း၊ ဥပုသ်ခံယူခြင်းကိစ္စပြီး၏ ဟု တိက နိပါတ်–ဥပေါသထသုတ်အဖွင့် အင်္ဂုတ္တိုရ်ဋ္ဌကထာ၌ ဆို၏။ မိမိ အလိုလိုနှုတ်မြွက်၍ ခံယူလျှင်လည်း အပ်၏ဟု မှတ်လေ။ ။

## ကမ္မဋ္ဌာန်းတရား တစ်ပါးပါးဖြင့်သာ

ဥပုသ်သီလ ခံယူဆောက်တည်သည်က စ၍၊ တစ်စုံတစ်ခု အမှု ကိစ္စကို မပြုမလုပ်ရ၍၊ တရားနာခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းဖြင့်သာ ဥပုသ်နေ့အဖို့ကို ကုန်လွန်စေရမည် မှတ်လေ။ ။

သီလ သမာဒါနတော ဥပဋ္ဌာယ၊ အညံ ကိဉ္စိ အ ကတွာ၊ ဓမ္မဝသေန ကမ္မဋ္ဌာန မနသိ ကာရေနဂါ၊ ဝိတိ နာမေတဗ္ဗံ။ ။ဟူသော၊ ဥပေါသထ သုတ်ဋ္ဌကထာ မိန့်မှာ အပ်သော၊ သြဝါဒရပ် စကားမြွတ်တို့ကို မြေဝယ်မကျ လိုက်နာ နားထောင်ကာ၊ အရိယ ဥပုသ်မျိုးဖြစ်အောင် စောင့်ရှောက် ဆောက်တည်နိုင်ကြပါစေသတည်း။ ။

## ညွှန်ကြားချက်

ဤပြဆိုအပ်ခဲ့ပြီးသည့်မှတစ်ပါး အသွန် ရှည်လျား များပြားလှ သော ဥပုသ်၏ အဆုံးအဖြတ်နှင့်တကွ၊ သိက္ခာအင်္ဂါ စသည်တို့ကို သိက္ခာပဒဝိဘင်း (သမ္မောဟဝိနောဒနီ) စသည်တို့မှာ ကြည့်ပါ လေ။ ။

(ဒုတိယအကြိမ်)

## ပုထုဇန် ၂ မျိုး

ပုထုဇန်သည်– အန္ဓပုထုဇန်၊ ကလျာဏ ပုထုဇန်ဟု ၂-မျိုး ရှိ၏။ ။

ထို့တွင်။ ။ခန္ဓာ ငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓာတ် တစ်ဆယ့်ရှစ်ပါး စသည်တို့ကို၊ သင်အံ လေ့ကျက် ဆောင်ရွက် မှတ်သား နာကြားခြင်း မရှိသောသူသည်၊ အန္ဓပုထုဇန် မည်၏။ ။ ပုထုဇန် ကဏ်း ပုထုဇန်မိုက်၊ ဘုရားနှင့်တွေ့သော်လည်း မကျွတ် ထိုက်သော ပုထုဇန်ဆိုလိုသည်။ ။

ခန်-အာ-ဓာတ် စသည်ကို၊ သင်အံ လေ့ကျက် ဆောင်ရွက်မှတ် သား နာကြားခြင်းရှိသော သူသည်၊ ကလျာဏပုထုဇန် မည်၏။ ။ ကောင်းမြတ်သော ကျွတ်တန်းဝင်ထိုက်သော ပုထုဇန်ဟု ဆိုလို သည်။ ။

## အန္ဓကလျာဏ ၂ မျိုး

ခန်-အာ-ဓာတ် စသည်ကို မသိသူ အန္ဓ။ သိသူ ကလျာဏ။ဟု ဆိုသောကြောင့်၊ တစ်အိမ်လုံး၊ တစ်ရွာလုံး၊ တစ်နယ်လုံး၊ တစ်မြို့ လုံး၊ တဒိစကြိုတ်လုံး၊ တစ်ပြည်လုံး၊ တစ်ကျွန်းလုံး၊ စကြဝဠာ တစ်ခုလုံး၊ အနန္တစကြဝဠာလုံး၊ သိသူ မသိသူ-၁ မျိုး ခွဲ၍ ကြည့်လိုက်ပါလျှင်၊ မသိသူများက အန္ဓကား အများ ကလျာဏကား အနည်းဖြစ်လျှင်။ ယခုနယ်အခါ၊ ဘုရားပွင့်လာသော်လည်း၊ ကျွတ်

(ဒုတိယအကြိမ်)

တန်းဝင်၍ ဘုရားနောက်သို့ ပါတော်မူကြမည့်၊ မမောင်နောက်ပါ၊ မနောက်ပါ၊ ဘုန်းကြီးဦးနောက်ပါတို့ကား မပြောပလောက်၊ အုတ်ကြား မျက်ပေါက်၊ အနည်းငယ်မျှသာ ရှိပါတကားဟု သိ လေ၊ ။

ယခုနှယ်အခါ၊ အနှစ် တစ်ရာတန်းအောက်၊ ဘုရားပွင့်ရိုး ပွင့်တန်း မဟုတ်ဘဲ၊ အထူးအဆန်း ပွင့်လာသော်လည်း၊ ဘုရားနောက်တော်သို့ကား မပါ၊ သံသရာဗွေမှာ၊ ကြာကြာကြီး နေကြရဦးမည် ဖြစ်၍။ မောင်ကြာနေ၊ မကြာနေ၊ ဘုန်းကြီး ဦးကြာနေတို့ကား။ မရေတွက်နိုင်အောင်၊ အများအပြားပင် ရှိပါတကားဟု သိ၍ သတိ သံဝေဂရပြီး။ ရခဲသောလူ့ဘဝကို ရကြရ၊ ကြုံခဲသော သာသနာကြီးနှင့် ကြုံကြရတဲ့အခါ၊ အန္ဓပုထုဇန်အဖြစ်နှင့် ယခုဘဝ မသေရအောင်။ အကယ်၍ မနေရ၍ သေရသော်လည်း၊ ဈာန် မဂ် ဖိုလ်ကို ထားဦး၊ ဈာန် မဂ် ဖိုလ်၏ အခြေခံ။ ကလျာဏ ပုထုဇန် အဆင့်အတန်းသို့ အမြန်တက်ရောက်စေနိုင်သော ခန်-အာ-ဓာတ် စသည်တို့ကို မသိမရှိရအောင်၊ ကြိုးစားအားထုတ် ကျက်မှတ်ကြပါလေ၊ သူတော် သူမြတ်တတွေတို့။ ။

## မှတ်ချက်

အန္ဓကလျာဏ အခွဲ အကျယ်ကို သိလိုပါက။ ငါတို့ အကျယ်ရေးသော။ ပုထုဇန ကလျာဏပကာသနီကျမ်းမှာ ကြည့်ပါလေ။

(ဒုတိယအကြိမ်)

## ကလျာဏ ပုထုဇန်ဖြစ်ဖို့ရန် အလွယ်ပင်

ကလျာဏပုထုဇန်ဖြစ်ဖို့ရန် မခက်ခဲပါ။ အောက်ပါ(၁၀၈)လုံး တိတိ၊ ခန်-အာ-ခတ် ပုတီးစိတ်နည်းကို၊ တစ်ရက်လောက် လေ့ကျက်ပြီး၊ ဥပုသ်နေ့တိုင်း ပုတီးစိတ်ပါလျှင်၊ အလွယ်နှင့်ပင် ကလျာဏပုထုဇန် ဖြစ်နိုင်ပါသည်။

ခန္ဓာငါးပါး (ဆောင်ပုဒ်များ) အရ ကျက်ထားပါ။

"ရူ-ဝေ÷သည် သင်-ဝိ-ပဉ္စထည့်၊ မှတ်သို့ ခန္ဓာငါး။"

ရူပက္ခန္ဓာကို (ရူ)နှင့်မှတ်၊ ဝေဒနက္ခန္ဓာကို (ဝေ)။ သညက္ခန္ဓာကို (သည်)။ သင်္ခါရက္ခန္ဓာကို (သင်)။ ဝိညာဏက္ခန္ဓာ ကို (ဝိ) နှင့် အသီးအသွီး မှတ်ပါလေ။ ။

၁။ ရူပက္ခန္ဓာ—အနိစ္စာ ဒုက္ခာ အနတ္တာ။ (ပုတီး ၃ လုံးချ)

၂။ ဝေဒနက္ခန္ဓာ—အနိစ္စာ ဒုက္ခာ အနတ္တာ။ ၎င်း

၃။ သညက္ခန္ဓာ —အနိစ္စာ ဒုက္ခာ အနတ္တာ။ ၎င်း

၄။ သင်္ခါရက္ခန္ဓာ—အနိစ္စာ ဒုက္ခာ အနတ္တာ။ ၎င်း

၅။ ဝိညာဏက္ခန္ဓာ—အနိစ္စာ ဒုက္ခာ အနတ္တာ။ ၎င်း

၆။ ပဉ္စက္ခန္ဓာ—အနိစ္စာ ဒုက္ခာ အနတ္တာ။ ၎င်း

(ဒုတိယအကြိမ်)

## မှတ်ချက်

ခန္ဓာ ငါးပါးလုံး ပေါင်း၍။ ပဉ္စက္ခန္ဓာ ဆိုသည်။ သို့ကြောင့် ခန္ဓာ—၆ ပါးကိုလည်း။ တစ်ပါး တစ်ပါးလျှင်။ ပုတီး ၃ လုံးစီ ဖြစ်၍။ (၆—၃ လီ) ၁၀ လုံးရ၏။

အာယတန—၁၂ ပါး (ဆောင်ပုဒ်များ) အရ ကျက်ထ ၁.ပါ "စက်—သော—ဃာ—ဇိ-ကာ—မ ထည့်၊ ရူ-သဒ်-ဂန်-ရ-ဖော—ဓမ္မ-ဋ္ဌါဒ—အာယတနာ။"

စက္ခာယတနကို (စက်) နှင့် မှတ်။ သောတာယတန။ (သော)။ ဃာနာယတနကို (ဃာ)။ ဇိဝှာယတနကို (ဇိ) ကို ကာယာယတနကို (ကာ)။ မနာယတနကို (မ)။ ရူပါယတန ကို (ရူ)။ သဒ္ဒါယတနကို (သဒ်)။ ဂန္ဓာယတနကို (ဂန်)။ ရသာယကနကို (ရ)။ ဖောဋ္ဌဗ္ဗာယတနကို (ဖော)။ ဓမ္မာယတ။ ကို (ဓမ္မ) နှင့် အသီးအသီးမှတ်ပါလေ။ ။

| | | |
|---|---|---|
| | | ပုတီး ၃ လုံး |
| ၁။ | စက္ခာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ | မှန်မှန်ချ |
| ၂။ | သောတာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ | ၎င်း |
| ၃။ | ဃာနာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ | ၎င်း |
| ၄။ | ဇိဝှာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ | ၎င်း |

(ဒုတိယအကြိမ်)

၅။ ကာယာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ငင်း

၆။ မနာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ငင်း

၇။ ရူပါယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ငင်း

၈။ သဒ္ဒါယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ငင်း

၉။ ဂန္ဓာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ငင်း

၁၀။ ရသာယတနံ၊ အနိစ္စံ ဒုက္ခံ အနတ္တာ။ ငင်း

၁၁။ ဖောဋ္ဌဗ္ဗာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ငင်း

၁၂၊ ဓမ္မာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ငင်း

မှတ်ချက်။ အာယတန ၁၂ ပါးတို့၌။ တစ်ပါး တစ်ပါးလျှင် ပုတီး-၃ လုံးစီ ဖြစ်၍ (၁၂-၃-လီ) ၃၆ လုံးဖြစ်၏။

မဂ်ဂ် ၁၀ ပါး (ဆောင်ပုဒ်များ) အရ ကျက်ထားပါ။

၁။ စက်—သော ဃာ-ဇိ—ကာ ကိုမှီ အတည်မှတ်ကြ ခေါ်ပဥ္စ။

၂။ ရူ—သဒ်—ဂန်-ရ—ဖောဋ္ဌဗ္ဗ တလီမှတ်ကြ ခေါ်ပဥ္စ။

၃။ စက်-သော—ဃာ—ဇိ—ကာ—ထည့် မနော၊ မနော ဝိညာ ဓမ္မာသာ၊ ပေါင်းပါဠ္ဌာရသာ။ ။

(ဒုတိယအကြိမ်)

စက္ခုဓာတ်ကို (စက်)နှင့်မှတ်။ သောတဓာတ်ကို (သော)၊ ဃာနဓာတ်ကို (ဃာ)။ ဇိဝှါဓာတ်ကို (ဇိ)။ ကာယဓာတ်ကို (ကာ)။ ရူပဓာတ်ကို (ရူ)။ သဒ္ဒဓာတ်ကို (သဒ်)။ ဂန္ဓဓာတ်ကို (ဂန်)။ ရသဓာတ် ကို (ရ)။ ဖောဋ္ဌဗ္ဗဓာတ် ကို (ဖောဋ္ဌဗ္ဗ)။ စက္ခုဝိညာဏဓာတ်ကို (စက်) သောတဝိညာဏဓာတ်ကို (သော)။ ဃာနဝိညာဏဓာတ်ကို (ဃာ)။ ဇိဝှါဝိညာဏဓာတ်ကို (ဇိ)။ ကာယဝိညာဏဓာတ်ကို (ကာ)။ မနောဓာတ် ကို (မနော)။ မနောဝိညာဏဓာတ် ကို (မနောဝိညာ)။ ဓမ္မဓာတ် ကို (ဓမ္မ) နှင့် အသီးအသီး မှတ်ပါလေ။ ။

| | | | | |
|---|---|---|---|---|
| ၁။ စက္ခုဓာတု | အနိစ္စာ | ဒုက္ခာ | အနတ္တာ။ | (ပုတီး ၃-လုံးချ) |
| ၂။ သောတဓာတု | ။ | ။ | ။ | ၎င်း |
| ၃။ ဃာနဓာတု | ။ | ။ | ။ | ၎င်း |
| ၄။ ဇိဝှါဓာတု | ။ | ။ | ။ | ၎င်း |
| ၅။ ကာယဓာတု | ။ | ။ | ။ | ၎င်း |
| ၆။ ရူပဓာတု | | ။ | ။ | ၎င်း |
| ၇။ သဒ္ဒဓာတု | ။ | ။ | ။ | ၎င်း |
| ၈။ ဂန္ဓဓာတု | ။ | ။ | ။ | ၎င်း |
| ၉။ ရသဓာတု | ။ | ။ | ။ | ၎င်း |

| | | | | |
|---|---|---|---|---|
| ၁၀။ | ဖောဋ္ဌဗ္ဗဓာတု | အနိစ္စာ | ဒုက္ခာ | အနတ္တာ (ပုတီး ၃ လုံးချ) |
| ၁၁။ | စက္ခုဝိညာဏဓာတု | ။ | ။ | ၎င်း |
| ၁၂။ | သောတဝိညာဏဓာတု | ။ | ။ | ၎င်း |
| ၁၃။ | ဃာနဝိညာဏဓာတု | ။ | ။ | ၎င်း |
| ၁၄။ | ဇိဝှာဝိညာဏဓာတု | ။ | ။ | ၎င်း |
| ၁၅။ | ကာယဝိညာဏဓာတု | ။ | ။ | ၎င်း |
| ၁၆။ | မနောဓာတု | ။ | ။ | ၎င်း |
| ၁၇။ | မနောဝိညာဏဓာတု | ။ | ။ | ၎င်း |
| ၁၈။ | ဓမ္မဓာတု ။ | ။ | ။ | ၎င်း |

မှတ်ချက်။ ။ဓာတ် ၁၈-ပါးတို့၌။ တစ်ပါး တစ်ပါးလျှင် ပုတီး ၃-လုံးစီဖြစ်၍ (၁၈-၃-လီ) ၅၄-လုံး ရ၏။ ။

ခန်-အာ-ဓာတ် သုံးရပ်ပေါင်း ၁၀၈ လုံး တိတိ ဖြစ်၏။

၁။ ခန္ဓာငါးပါး၌၊ (၁၈) လုံး။

၂။ အာယတန ၁၂-ပါး၌၊ (၃၆) လုံး။

၃။ ဓာတ် ၁၈-ပါး၌၊ (၅၄) လုံး။

၃-ရပ်ပေါင်း (၁၀၈) လုံး တိတိ ဖြစ်၏။ ။

(ဒုတိယအကြိမ်)

## အရိယဥပုသ်ဝိပဿနာ

ဤ ခန်-အာ-ဓာတ် သုံးရပ်ပေါင်း ၁၀၀- လုံး ပုတီးစိတ်နည်းကို ထည့်သွင်း ဖော်ပြလိုက်သည်မှာ၊ ခန်-အာ-ဓာတ် စသည်ကို မသိက အန္ဓ။ သိက ကလျာဏ။ ဆိုသောကြောင့်၊ ရခဲသောလူ့ဘဝကို ရကြ၍၊ ကြုံရခဲသော သာသနာတော်ကြီးနှင့် ကြုံကြရပါလျက်။ အောက်တန်းစား အကျုံးဆုံးဖြစ်၍၊ ယုတ်မာလှစွာသော (အန္ဓ) ပုထုဇန် အဖြစ်အနေမျိုးနှင့် ယခုဘဝမသေစေရဘဲ၊ မဂ် ဖိုလ် ကိုပင် မရနိုင်သေးသော်လည်း။ ကလျာဏပုထုဇန်အထက်တန်းသို့တက်မိ၍၊ အလွယ်နှင့် သုဂတိသို့ရောက်ကြစေရန် တစ်ကြောင်း၊ ဥပုသ်စောင့်ကြသောအခါတို့၌လည်း ဤ ခန်-အာ-ဓာတ်ကို ပုတီးစိတ်၍ စောင့်ကြပါလျှင် ဥပုသ်တကာ့ (ဥပုသ်ထိပ်ဖိပ်) မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသော်မှ၊ ချီးကျူးခြင်းကို ပြုရသော၊ အရိယဥပုသ်မျိုး ဖြစ်သည်သာမက၊ ဝိပဿနာပွားခြင်း ကိုစွပင် ဖြစ်နိုင်သည် တစ်ကြောင်း။ ဤသို့ ထူးမြတ်သော အကြောင်းများကြောင့် ထည့်သွင်း ဖော်ပြလိုက်ပါသည်။

ခန္ဓာ-စသည် အကျယ်နှင့် အဓိပ္ပာယ်ကို သိလိုက ငါတို့ရေးသားသော ခန္ဓာဒီပကာသနီကျမ်းမှာကြည့်ပါလေ။ ဤ၌ (လက်စွဲ) ကျမ်းငယ်ဖြစ်၍၊ အကျယ်မပြသာသည်ကို သည်းခံကြစေလိုကြောင်း။

ဥပုသ်ပုတီးဆိုလျှင်၊ ၁၀၀ လုံး သီကုံးရိုး ထုံးကို ရှေးလူများဘယ်အရာကို ရည်ရွယ်၍ ပြုခဲ့သနည်း၊ ၁၀၀ လုံးက ပိုရင်-လိုရင်ကော ဘယ်အပြစ်ရှိသနည်း၊ ပုတီးလိုရင်းလော ၊စိတ်လိုရင်းလော ဟူသော အမေး၏ အဖြေကိုသိလိုလျှင်၊ ညွှန်ကြားခဲ့သော ကျမ်းများမှာ ကြည့်ပါလေ။

(ဒုတိယအကြိမ်)

## ဆုတောင်း အထူးရှိသင့်ခြင်း

### (သုဂတိမြဲအောင်လုပ်)

တမင် တဖိုလ်ကိုမျှ လက်ကိုင်မရသေးဘဲလျက်၊ ယခုဘဝ သေသွားလျှင်၊ သုဂတိမြဲအောင် ဘယ်လို လုပ်ရမလဲ ဟူသော ပြဿနာ၌ အောက်ပါအတိုင်း လုပ်ဟု ဖြေရလိမ့်မည်။

အကြွင်းသူအား၊ သဒ္ဓါ—သီလ—သုတ—စာဂ—ပညာ၊ ဤတရားငါးပါးကား ရှိ၏။ တစ်စုံတစ်ရာ ဆုတောင်းအထူးကား မရှိ၊ ထိုသူသည် လားရာဂတိမမြဲ။ အကြွင်းသူအား ဆုတောင်း ကား ရှိ၏။ သဒ္ဓါ—သီလ—သုတ—စာဂ—ပညာ၊ ဤတရားငါးပါးကား မရှိ၊ ထိုသူလည်း ဂတိမမြဲ။ အကြွင်း သူအား နှစ်ပါးစုံရှိ၏၊ ထိုသူကား ဂတိမြဲ၏ မှတ်။ အကြွင်း သူအား နှစ်ပါးစုံမရှိ၊ ထိုသူအား လုံးဝမမြဲမှတ်။ ။ (ယဿဟိ သဒ္ဓါ သီလ သုတ စာဂ ပညာ။ ပ။ ကေသိဉ္စာနေ ပဝတ္တာနံ ကာတုံ ဝဋ္ဋတိ) ဟု ဥပရိပဏ္ဏာသ ဋ္ဌကထာ၌ ဆို၏။ ။သို့ကြောင့်။ ကုသိုလ်ကောင်းမှုကို ပြုလျှင်၊ မိမိအလိုရှိသောဆုကို တောင်းရမည် မှတ်လေ။ ။

### (တစ်နည်း) ဂတိမြဲအောင်လုပ်ပုံ။

အကြွင်းသူတို့အား၊ သရဏဂုဏ် ၃—ပါးဖြစ်စေ၊ ငါးပါးသီလဖြစ်စေ၊ စာရေးတန်ဆွမ်း၊ ပိဏ္ဍပါတ်ဆွမ်းဝတ် ဖြစ်စေ၊ ပန်းလှူ ရေဝတ်ဖြစ်စေ၊ အမြဲပြုသော ကုသိုလ်ဝတ်ရှိ၏။ ထိုသူတို့အား သော

တာပန်နှင့်ဟူ၍ သုဂတိ အလားမြဲ၏ဟု။ ဒသနိပါတ် အင်္ဂုတ္တိုရ်ဌကထာ၌၊ (ယေသမ္ပန၊ ပ။ သောတာပန္နသဒိသာနေဝ တာနိ)ဟု လာ၏။

သို့ကြောင့်၊ ယနေ့ဘဝသေသွားက၊ သုဂတိ အလားမြဲစေခြင်းငှာ၊ နိမိတ်တစ်ခွင်းနိုင်မည့် ကုသိုလ်ဝတ်တစ်ခုခုကို အမြဲပြုသင့်သည် ဟူ၍လည်း မှတ်လေ၊ ပြုလည်း ပြုလေ။

.......❀.........

## ဆုတောင်းအမျှဝေ အထွေထွေ

အောက်၌ ပြဆိုခဲ့ပြီးသော၊ ဂုဏ်တော်ပွားနည်း၊ ပုတီးစိတ်နည်းများကို ပွားများ စိပ်ဖြန်းပြီးသော အဆုံးအဆုံး၌၊ အောက်ပါ၊ ပါဠိများကို ရွတ်ဆိုပါလေ။

ဣမာယ ဓမ္မာနုဓမ္မ ပဋိပတ္တိယာ၊ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မ ပဋိပတ္တိယာ၊ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မ ပဋိပတ္တိယာ၊ သံဃံ ပူဇေမိ။
အဒ္ဓါ ဣမာယ ပဋိပတ္တိယာ၊ ဇာတိ ဇရာ မရဏမှာ
ပရိမုစ္စိဿာမိ။

ဣဒံ မေ ပုညဘာဂံ သဗ္ဗသတ္တာနံ ဘာဇေယျာမ။

## ဝိဝဋ္ဋ–ပတ္ထနာ

သံသရာ ဝဋ်ဆင်းရဲမှ အမြန် ကေန် ထွက်မြောက်စေတတ်သော ဘုရားအလောင်း သူတော်ကောင်းတို့ တောင်းရိုးလက်ဟောင်း။

(ဒုတိယအကြိမ်)

အကောင်းဆုံး ဆုတောင်း၊ မည်သည့် ဒါနမျိုးမဆို ပြုလုပ်ပြီးလျှင်၊ အောက်ပါ ဆုတောင်းအတိုင်း တောင်းဆိုလေ။ (အရကျက်)

## (၁) ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံဟောတု

မေ၊ ငါ၏။ ဣဒံ ဒါနံ၊ ယခုပြုရ ကုသလထိုထို ဤဒါန ကုသိုလ်သည်။ အာသဝက္ခယံ၊ အာသဝေါ လေးဖြာ ကုန်ရာအမှန် မြတ်နိဗ္ဗာန်ကို။ ဝဟံ ဝဟန္တော၊ ကေန် ထုတ်ခြောက် အမြန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။ ။

မည်သည့်သီလမျိုးမဆို၊ သီလဆောက်တည်ပြီးလျှင်၊ အောက်ပါဆုတောင်းကို တောင်းပါလေ။ ။

## (၂) ဣဒံ မေ သီလံ အာသဝက္ခယံ ဝဟံ ဟောတု

မည်သည့် ဘာဝနာမျိုး မဆို၊ ဘာဝနာပွားပြီးသည့် အဆုံး၌ အောက်ပါ ဆုတောင်းကို တောင်းပါလေ။ ။

## (၃) ဣဒံ မေ ဘာဝနာ အာသဝက္ခယံ ဝဟံ ဟောတု

မေ၊ ငါ၏။ ဣဒံ ဘာဝနာ၊ ဤသမထ ဝိပဿနာနှစ်ဖြာ နှစ်လမ်းကမ္မဋ္ဌာန်းစီးဖြန်း ပွားများရသော ကုသိုလ်သည်။

(ကျန်အနက်များကို အထက်ကအတိုင်းဆိုလေ။)

..............

(ဒုတိယအကြိမ်)

## မှတ်ချက်

အထူးသတိပြုရန်။မိမိအလှူပွဲလုပ်၍၊ အလှူခံပုဂ္ဂိုလ်တို့အား၊ အလှူစာ ဝတ်ဆက်ကပ်သောအခါ။ ငါသည်၊ ရခဲသော လူ့ဘဝကိုရ၍။ ကြုံခဲ့သော သာသနာတော်ကြီးနှင့်၊ ကြုံတွေ့ရတဲ့အခါ။ လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာကို၊ မုချဆပ်ဆပ် ပေးပေတတ်သော ကုသိုလ်တည်းဟူသော ရွှေအိုးကြီးကို မြှုပ်ရပေတော့မည်ဟု။ ဝမ်းမြောက်ဝမ်းသာ၊ ပဗ္ဗတိသောမနသာ စေတနာကို အခါခါမပြတ် ဖြစ်စေ၍၊ နိဗ္ဗာန်ကို အာရုံပြုကာ အောက်ပါဆုကို ပန်။

ဣဒံ မေပုညံ အာသဝက္ခယံ ဝဟံ ဟောတု။
ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

(ဆို၍ ကပ်လေ)

## ဗောဓိဆုကြီး ၃ ပါး

ဗောဓိသည်။ ၁။ သမ္မာ သမ္ဗောဓိ၊
၂။ ပစ္စေကဗောဓိ။
၃။ သာဝက ဗောဓိ။ ဟု ၃-မျိုး ရှိလေသည်။ ။ထိုတွင်—သမ္ဗောဓိသည်လည်း။ ပညာဓိက သမ္ဗောဓိ၊ သဒ္ဓါဓိကသမ္ဗောဓိ၊ ဝိရိယာဓိကသမ္ဗောဓိ၊ ဟု သုံးမျိုး ရှိပြန်လေသည်။ ထိုတွင်၊ အစဉ်အတိုင်း၊ ၄—သင်္ချေနှင့် ကမ္ဘာ တစ်သိန်း၊ ၈—သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ၁၆—သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူကြရသော၊ ပညာဓိက ဘုရား၊ သဒ္ဓါဓိကဘုရား၊ ဝိရိယာဓိကဘုရားတို့ကို သိပါလေ။ ။

(ဒုတိယအကြိမ်)

## ပညာဓိကဘုရားဆုတောင်း

ဣမိနာဟံ ပုညကမ္မေန၊ အနာဂတေ ဧကကပ္ပေ
ပညာဓိကော နာမဗုဒ္ဓေါ—လောကေ ဥပ္ပဇ္ဇိဿာမိ။

(ဆို၍တောင်းလေ။)

## သဒ္ဓါဓိကဘုရားဆုတောင်း

ဣမိနာဟံ ပုညကမ္မေန အနာဂတေ ဧကကပ္ပေ
သဒ္ဓါ ဓိကောနာမ ဗုဒ္ဓေါ၊ လောကေ ဥပ္ပဇ္ဇိဿာမိ။

(ဆို၍တောင်းလေ။)

## ဝိရိယာဓိကဘုရား ဆုတောင်း

ဣမိနာဟံ ပုညကမ္မေန အနာဂတေ ဧကကပ္ပေ
ဝိရိယာဓိကော နာမဗုဒ္ဓေါ၊ လောကေ ဥပ္ပဇ္ဇိဿာမိ။

(ဆို၍ တောင်းလေ။)

## ပစ္စေကဗုဒ္ဓါဆုတောင်း

ဣမိနာဟံ ပုညကမ္မေန အနာဂတေ ဧကကပ္ပေ၊
ဧကော ပစ္စေကဗုဒ္ဓေါ ဥပ္ပဇ္ဇိဿာမိ။

(ဆို၍ တောင်းလေ။)

(ဒုတိယအကြိမ်)

## လက်ယာရံအဂ္ဂသာဝက ဆုတောင်း

ဣမိနာဟံ ပုညကမ္မေန အနာဂတေ ကေဗုဒ္ဓဿ၊
ပဌမော အဂ္ဂသာဝကော ဥပ္ပဇ္ဇိဿာမိ။

(ဆိုရှဲ တောင်းလေ။)

## လက်ဝဲရံအဂ္ဂသာဝက ဆုတောင်း

ဣမိနာဟံ ပုညကမ္မေန အနာဂတေ ကေ ဗုဒ္ဓဿ
ဒုတိယော အဂ္ဂသာဝကော ဥပ္ပဇ္ဇိဿာမိ။

(ဆိုရှဲတောင်းလေ။)

## မဟာသာဝက ဆုတောင်း

ဣမိနာဟံ ပုညကမ္မေန အနာဂတေ ကေ ဗုဒ္ဓဿ
သန္တိကေ မဟာသာဝကော ဥပ္ပဇ္ဇိဿာမိ။

(ဆိုရှဲ တောင်းလေ။)

## ပကတိ သာဝက ဆုတောင်း

ဣမိနာဟံ ပုညကမ္မေန အနာဂတေ ကေဗုဒ္ဓဿ
သန္တိကေ ပကတိသာဝကော ဥပ္ပဇ္ဇိဿာမိ။

(ဆိုရှဲ တောင်းလေ။)

(ဒုတိယအကြိမ်)

## မှတ်ချက်များ။

ပညာဓိက စသော၊ ဗောဓိဆုကြီး ၃-ပါး၊ ပစ္စေကဗုဒ္ဓါဆု၊ လက်ယာရံ လက်ဝဲရံ အဂ္ဂသာဝကဆု၊ မဟာသာဝကဆု၊ ပကတိသာဝကဆုများကို၊ တောင့်တပန်ဆင်ကြသော၊ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များမှာ၊ အခြားဆုကို မတောင်းတော့ဘဲ၊ တစ်စုံတစ်ခု ကုသိုလ်ကောင်းမှုပြုပြီးအဆုံးတွင်၊ အထက်အဆိုပါ ဆုတောင်းစာအတိုင်း၊ တိုက်ရိုက်တောင်းဆိုရမည်ဖြစ်ကြောင်း။ ။ အထူးသိမှတ်ဖွယ်မှာ....

ပစ္စေကဗုဒ္ဓါ ဆုကို ပန်ဆင်သူတို့မှာ၊ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ၊ မိမိအလိုပြည့်မည်ဟု သိရပေလိမ့်မည်၊

အဂ္ဂသာဝက ဆုကို ပန်သူတို့မှာ၊ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်မှ၊ မိမိအလိုပြည့်မည်ဟု သိရပေလိမ့်မည်၊

မဟာသာဝက ဆု ပန်သူတို့မှာ၊ ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ၊ မိမိအလို ပြည့်မည်ဟု သိရပေလိမ့်မည်၊

ပကတိသာဝက ဆု ပန်သူတို့မှာ၊ မည်ရွေ့ မည်မျှ ကာလပတ်လုံး ပါရမီ ဖြည့်ရမည်ဟု ကျမ်းဂန်တို့၌ ကမ်းသတ်၍ မလာ,မရှိ၊ ရှေး လွန်ခဲ့ပြီးသော ဘဝကာလတို့က၊ နိဗ္ဗာန်ကို ဦးတန်း၍ တောင့်တပန်ဆင်ခြင်း တည်းဟူသော၊ ဝဋ်မှ ထွက်မြောက်ရာ နိဗ္ဗာန်ကို မှီသည်၏ အစွမ်းဖြင့်၊ ဖြစ်စေအပ်သော၊ သံသရာရေး လာမည့်ဘေးကို မျှော်တွေးတောက်၍၊ ကြောက်လန့်တကြား၊ ဝဋ်သုံးပါးကို ရှောင်ရှားဖယ်ကြဉ်၊ ဘေးကြီးထင်၍၊ မဆာလျှင် ထုတ်ခြောက်၊ အမြန်ရောက်ခြင်းငှာ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြင့် အဟုတ်အဟတ် ဂေါ်ဗိုလ်မြတ်ကို၊ မပြတ်စောင့်တ ပြုခဲ့ကြသည့် ကုသိုလ် ကောင်းမှုသာ လိုရင်းဓာနဖြစ်သည်ဟု သိရပေလိမ့်မည်။

..................

## ယောကျ်ားဘာဝဆုတောင်း။

(မိန်းမတို့အား သီးခြားဆင်းရဲ ငါးမျိုး။)

၁။ မိန်းမတို့မည်သည် စည်းစိမ်ချမ်းသာ မည်မျှပင် ချမ်းသာကြွယ်ဝသည် ဖြစ်စေ၊ ချစ်ခင်လှသော မိဘဆွေမျိုးတို့နှင့် ကွေကွင်းခွဲခွာ၍ လင်၏အိမ်သို့ လိုက်ရခြင်းသည်၊ ယောကျ်ားတို့နှင့် လုံးဝမသက်ဆိုင်။ မိန်းမတို့အားသာ သီးခြားဖြစ်သော ဆင်းရဲတစ်ပါး။

၂။ မိန်းမတို့မည်သည် ချိန်ခါရှယ်သင့်၊ ဥတုပန်းပွင့်ရခြင်းသည် ယောကျ်ားတို့နှင့် မသက်ဆိုင်။ မိန်းမတို့အားဘာ သီးခြားဖြစ်သော ဆင်းရဲတစ်ပါး။

## မှတ်ချက်

လောကီဗေဒင်ကျမ်းတို့၌ ၁၂-နှစ်အရွယ် ရောက်လျှင် ဥတုပန်းပွင့်နိုင်ပြီဟု ဆို၏၊ ၊

၃။ မိန်းမတို့မည်သည်၊ ပဋိသန္ဓေကိုယ်ဝန်ကို လေးလပင်ပန်းစွာ၊ ၇-လ၊ ၁၀-လ၊ လွယ်ပိုက်ရခြင်းသည်လည်း၊ ယောကျ်ားများနှင့် မသက်ဆိုင်။ မိန်းမတို့အားသာ သီးခြားဖြစ်သော ဆင်းရဲတစ်ပါး။

၄။ မိန်းမတို့မည်သည်၊ လင်စိတ် သားစိတ် ကုန်လောက်အောင် မိန်းမောတွေဝေ သေလုနီးပါး သားဖွားရခြင်းသည်လည်း ယောကျ်ားများနှင့် မသက်ဆိုင်။ မိန်းမတို့အားသာ သီးခြားဖြစ်သော ဆင်းရဲတစ်ပါး။

(ဒုတိယအကြိမ်)

၅။ မိန်းမတို့မည်သည်၊ စကြာဝတေးမင်းကြီး၏ မိဖုရားပင် ဖြစ်စေကာမူ၊ ယောကျ်ားတို့၏ ခြေရင်း အလုပ်အကျွေးသာ ဖြစ်ရခြင်းသည်လည်း ယောကျ်ားများနှင့် လုံးဝ မသက်ဆိုင်။ မိန်းမတို့အားသာ သီးခြားဖြစ်သော ဆင်းရဲတစ်ပါး။

## မှတ်ချက်

ဤဆင်းရဲငါးမျိုးသည်ကား၊ ယောကျ်ားတို့နှင့် လုံးဝမသက်ဆိုင်၊ မိန်းမတို့နှင့်သာ၊ တိုက်ရိုက် သီးခြား ခံစားရသော (အာဝေနိက ဒုက္ခ) ဆင်းရဲငါးမျိုး ဟု၊ သဠာယတန၊ မာတုဂါမ သံယုတ် ပါဠိတော်၌ ဟောတော်မူသည်။

ရင်းပြင်၊ ဘုရားပစ္စေကဗုဒ္ဓါ စသည်တို့၏ အဖြစ်မျိုးကို တိုက်ရိုက် မတောင်းဆိုနိုင်ခြင်း၊ ယောကျ်ားများကဲ့သို့- ဖန်ရေစွမ်းသော ဝတ်သက်နှင့် ယခုအခါ ရဟန်းမိန်းမ မဖြစ်နိုင်ခြင်း၊ ဤသို့ စသည်ဖြင့်၊ မိန်းမတို့၏ ဘဝ အဖြစ်မျိုးသည်၊ နေရာတကာတိုင်း လိုလို၊ အောက်တန်းကျနေ၍၊ ယောကျ်ားဘဝအဖြစ်မျိုးကို၊ တောင်းလိုလျှင်လည်း တောင်းသင့်ကြောင်း ။

.........❖.........

## ယောကျ်ားဘဝ ဆုတောင်း ၂ မျိုး။

ယောကျ်ားအဖြစ်ကို အလိုရှိသော မိန်းမတို့သည်၊ ဒါန စသော ကုသိုလ်ကောင်းမှုစုတို့ကို ပြု၍၊ မိန်းမ၏အဖြစ်၌ နှစ်သက် သာယာသော စိတ်ကို မဖြစ်စေမူ၍၊ ဝါ။ မိန်းမအဖြစ်၌ ငြီးငွေ့ စက်ဆုပ်ရွံမုန်း၍၊ ငါ၏ အလှူကောင်းမှုသည် ရှေ့ဘဝ ယောကျ်ားအဖြစ်ကို ရခြင်း ဖြစ်စေသောဟု၊ ဆုတောင်း၍ သေသွားလျှင်၊ မုချယောကျ်ားအဖြစ်ကို ရလေ၏ ဟု မှတ်လေ။ ။ကျန်တစ်နည်းမှာ၊ မိမိကာမ

(ဒုတိယအကြိမ်)

ဗိုင် လင်ယောကျ်ားကို အိမ်ဦးနတ်ကဲ့သို့ အရှိအသေကျင့်လျှင်လည်း ယောကျ်ားအဖြစ်ကို ရနိုင်၏ဟု (မမ္မပဒအဋ္ဌကထာ) သောဒရေယျ ဝတ္ထု၌ လာ၏။ ပါဠိလိုလျှင် ဤမှာ ကြည့်ပါလေ။ ။

☆

## ပါဠိနှင့်တောင်းလိုလျှင်။

## ဣဒံ မေ ပုညံ ပုရိသတ္တဘာဝံ ပဋိလဘာယ သံဝတ္တတု။

မေ၊ ငါ၏။ ဣဒံ ပုညံ၊ ဤ ယခုပြုရ မြတ်ပုညသည်။ ပုရိသတ္တ ဘာဝံ၊ မြင့်မြတ်လှသော ယောကျ်ားအဖြစ်ကို၊ ပဋိလဘာယ၊ ရရှိစခြင်းငှာ။ သံဝတ္တတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

(ဤကား အနက်)

## မှတ်ချက်

မြင့်မြတ်လှသော ယောကျ်ားအဖြစ် ဆိုသည်မှာ အိမ်ထောင်ရေး၊ လောကီစီးပွားရေးမှုစလော်သော ... သာမန်ယောကျ်ား အဖြစ်မျိုးကို မဆို မရောင်းဝယ်အပ်သော ကုန်ငါးပါးတို့ကို ပယ်မြှ၍ မိစ္ဆာဇီဝမှုမှ လုံးဝ လွှတ်ကင်းစေ၍၊ ဘုရားပြဋ္ဌာန်းသော အသက်မွေးပြီး။ ပေးလှူအပ်သောဒါန၊ စောင့်သုံးအပ်သော သီလ၊ လက်ကိုင်ရှိသဖြင့်၊ ရုပ်နာမ်မွေ သဘာဝတို့ကို နေရာဘကျသိ၍၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း ကောင်းသောအလုပ်နှင့်၊ ဆုကြီးပန်သူတို့သာ၊ မြင့်မြတ်သော ယောကျ်ားအဖြစ်ဆိုသည်မှတ်၊

★

(ဒုတိယအကြိမ်)

## အထူးသတိပြုရန်မှာ၊

## ဣတ္တိဘာဝေန ဆန္ဒံဝိရာဇေတွာ။

မိန်းမအဖြစ်၌၊ နှစ်သက်ခြင်းကို ကင်းစေရမည် ဆိုသောကြောင့် မိမိ၏ မိန်းမအဖြစ်ကို နှစ်သက်သာယာ စုံမက်မြတ်နိုး၍ နေပါလျှင် ယောကျ်ားအဖြစ်ကို ဆုတောင်း၍ ရနိုင်မည် မဟုတ်သည်ကိုလည်း သတိပြုစေရမည်။

## ဆုတောင်းနေရန် မလို။

ယောကျ်ားဖြစ်သောသူတို့မှာ၊ မိန်းမ ဖြစ်လိုပါလျှင်။ တစ်မျိုးသီးခြား ဆုတောင်းနေရန် မလိုတော့ပြီ။ ကာမပိုင်လင်ယောကျ်ားရှိသောသူ၊ သူတစ်ပါး မယားကို သွားလာ လွန်ကျူးရုံမျှနှင့်ပင်၊ အလွယ်တကူ၊ သေပြီးသည်နောက်၊ အနှစ်တစ်သိန်း ငရဲ၌ ကျခံရ၍၊ လူ့ဘုံသို့ ရောက်လာလေသောအခါ၊ ဘဝတစ်ရာ မိန်းမ အဖြစ်ကို ကောက်ခါငင်ကာ ရနိုင်ပါသည်။ (ပုရိသာ ဟိ—ပရဿ ဒါရေသု အတိစရိတွာ၊ ကာလံကတွာ၊ ဗဟူနိ ဝဿသတသဟဿာနိ၊ နိရယေပစိတ္ဝာ၊ မနုဿဇာတိံ အာဂစ္ဆန္တာ၊ အတ္တဘာဝသတေ ဣတ္ထိဘာဝံ အာဂစ္ဆန္တိ။) (ဓမ္မပဒ သောရေယျဝတ္ထု။)

ဟိသစ္စံ၊ မှန်၏၊ ပုရိသာ၊ ယောကျ်ားတို့သည်၊ ပရဿဒါရေသု၊ ကာမပိုင်လင်ယောကျ်ား ရှိသော သူတစ်ပါးမယားတို့၌။ အတိစရိတွာ၊ လွန်ကျူး၍ ကျင့်မှားမိ၍။ ဝါ၊ ကြောင့်၊ ကာလံ ကတွာ၊ သေ၍၊ သေသည်ရှိသော်၊ ဗဟူနိဝဿ သတ သဟဿာနိ၊ များလှစွာသော၊ အနှစ်တစ်သိန်းတို့ ပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစိတ္ဝာ၊

(ဒုတိယအကြိမ်)

ကျက်ပြီး၍။ ဝါ၊ ကျခံရပြီး၍၊ မနုဿဇာတိ၊ လူ၏အဖြစ်ကို၊ အာဂန္တုန္တာ၊ ရောက်လာကုန်သည် ရှိသော်၊ အတ္တဘာဝ သတေ၊ ခန္ဓာကိုယ် အတ္တဘော ဘဝတစ်ရာ၌၊ ဇာတ္တိဘာဝံ၊ မိန်းမအဖြစ်သို့။ အာဂန္တုန္တိ၊ ရောက်ရကုန်၏။ ။ဟူသော ဓမ္မပဒဋ္ဌကထာကို ထောက်၍ သိလေ။ ။

## အသျှင်အာနန္ဒာ။

ထိုမှတစ်ပါး၊ ငါတို့ဘုရားအလုပ်အကျွေး အသျှင်အာနန္ဒာသည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးဖြစ်လျက်၊ တစ်ခုသောဘဝ၊သူတစ်ပါးမယားကို ကျူးလွန်ခြင်း ဟူသော (ပရဒါရိက) ကံကို ပြုမိ၍၊ အကျိုးရင်း ငရဲ၌ ကျခံပြီးမှ၊ အကျိုးကြွင်း အစွန်းဖြင့်၊ အဆစ် သဘော၊ ၁၄-ဘဝ မိန်းမဖြစ်၍၊ ၇-၁၂ဝ ဝေးစေ့ အထုခံရသော နွား-ကျွဲ-ခွေး စသော အဖြစ်မျိုးသို့ ရောက်ရလေသည်။

## (ဒု-သ-န-သော)သူဌေးသား ၄ ယောက်။

သည်သာမကသေး။ ကဿပဘုရား လက်ထက်တော်က၊ ဗာရာဏသီမြို့သား၊ သူဌေးသား ၄ ယောက်တို့သည်၊ သူတစ်ပါးမယားကို။ သွားလာ လွန်ကျူးမိကြ၍၊ သေသည့်နောက်၊ သံတွေရဲရဲ၊ လောဟကုမ္ဘိ ငရဲကြီးထဲမှာ၊ နှစ်တုံ ပေါ်တုံ၊ တမုံ့မွှားမွှား၊ (ဒု-သ န-သော) ဟူသော အမည်များနှင့် ကျခံရသည်ကိုလည်း ထောက်လေဦး။

## နိဂုံးသံပေါက်လင်္ကာ။

၁။ ဗျည်း-သံ-တိ-ဇေ-သက္ကရာဇ် ပေါ်ထွက် ဤကျမ်းစာ။
၂။ တော်သလင်းလ ဆုတ်ပက္ခ ဒီဟ နေ့မှုဒ္ဒါ။
၃။ စချိစီစဉ် ဤရက်ပင် ခေါ်တွင်လက်စွဲသာ။
၄။ ဦးသန့် တောင်းပန် အကြောင်းခံ စီမံ ဤကျမ်းစာ။
၅။ ဥပုသ်စောင့်သူ လက်ကိုင်ယူ ပြိုင်သူကင်းမည်သာ။
၆။ ဥပုသ်အကြောင်း၊ လူ့အပေါင်း၊ ကောင်းကောင်း သိစိမ့်ငှာ။
၇။ ရည်သန်တောင့်တ ပြုပါရ ဘဝနှောင်အခါ။
၈။ နိဗ္ဗာန်မရ ကြည်လည်ရ ဘဝဆက်များစွာ။
၉။ သီလတန်ဆာ ဝတ်ဆင်ကာ မက္ခာ ကိုယ်၌သာ။
၁၀။ သီလနံ့သာ လိမ်းခါခါ ထုံစွာကိုယ်၌သာ။
၁၁။ သီလအရာ သူ့ထက်သာ မြဲစွာဖွေးလိုပါ။
၁၂။ သီလရနံ့ ဝန်းကျင်ပြန့် မဆန့်ဘဝဂ်သာ။
၁၃။ သီလပန်းရုံ ကိုယ်၌ခြုံ လုံလုံကျင့်နိုင်စေ။
၁၄။ သီ-စိတ်-ပညာ၊ သုံးသိက္ခာ၊ ပြည့်စွာဖြည့်နိုင်စေ။
၁၅။ သိက္ခာသုံးတန် ပြည့်ညီလျှံ နိဗ္ဗာန်ရလွယ်သော

ဥပုသ်စောင့်လက်စွဲ

ဤတွင် ပြီး၏။

....၀....

(ဒုတိယအကြိမ်)

## မအားမလပ်ဟူသော ဆင်ခြေ

ယနေ့ ဂ ရက် လပြည့်နေ့ ဘာကြောင့် ဉပုသ် မစောင့်သနည်း မေးလျှင် (မအားလပ်လို့) ဟူသော ဆင်ခြေကတစ်ဘက်၊ ဘာကြောင့်ဆိုတဲ့ မြင်းခြေကတစ်ဘက်၊ ကျွဲခြေကတစ်ချောင်း၊ နွားခြေက တစ်စု စသဖြင့် ခြေပေါင်းများစွာ ကျားကန်သလိုကန်၍ ဆင်ခြေပေးတတ်ကြ၏။ ။

## ဇနက္ကမင်း

ဘုရားလောင်းဇနက္ကမင်းသည် ပင်လယ်တွင်းမှာ သင်္ဘောပျက်၍ တစ်ဘက်ကမ်းသို့ကူးစဉ် ဉပုသ်နေ့ကြုံ၍ ခံတွင်းကိုရေဆေးပြီး ဉပုသ်စောင့်သတဲ့။ သူ့လောက် မအားသူရှိပမလား၊ စဉ်းစားပါလေ ခြေမအား၊ လက်မအား မဟုတ်လား၊ ခြေလက်အားနေရင် ရေထဲ နစ်မြုပ်သွားမယ်။ ခြေ[illegible]လဲ ကန်ရတယ်။ လက်ကလဲ ယက်ရတယ်၊ ဒါလောက်[illegible]းတဲ့အထဲက ဉပုသ်စောင့်သေးသတဲ့၊ ဒါမှ မအားတာ အစစ်မဟုတ်လား။ ။